ရွှေနှင်းဆီ-ရှုပိုင်

# ရှင်မွေးလွန်း-မင်းနန္ဒာ ဇာတ်ညွှန်း

## အခန်း (၁)

### တောဘွဲ့-လေးချိုး

ဝေဆာဆာ ပွင့်သွာတို့ရယ်က၊ ဗွေ့အာကာမြင့်မှာ တချို့ ပေပေ၊ ငွေမာလာဂင့်ဇါသမိုပါဘဲ၊ အခွင့်သာ လို့ထင့် ဖြာဖြာဝေ။ (အော်) ပွင့် မာ လာ တို့ မှာ ဖြင့်၊ (အိုကွယ်) ဆင့်ကာ ပွင့်ပါဆမို့ ပြာ ဝါ နေ။ (ဩ) တော အ ဓာတ် ထဝိ ရယ်က၊ လောကဓာတ်အလယ်မှာတော့၊ မပြောတတ်ဘွယ်အမြင်ဆန်းပါဘိ၊ ခင်တန်းမှာ လျှိုမြောင်နွှာတနှင်၊ ကမ်းအဆိုင်ဆိုင် စမ်းအိုင်ကံလဲပေါ်လှတယ်၊ (ကွယ်) တောဝနဗွေ့။ဝါးသစ်ပင်ချောင်းလျှိုမြောင်များသမို့၊ ထေးသမင်, ကြောင်,ဆင်,ကျား, ခွေ နဲ့၊ သောင်ပြင် များ မှာ တော့ ငှက် ငယ် တ တွေ၊ ကြက်တသွယ်စာတာကာတွေ့ကျွဲဆင်းကာနား (အော်) ဇရက်ကယ် ဘာရတာရွှေနဲ့ တာသာများ။ မျှော်ကြည့်ရုံပင်၊ အော်သည့်ပုံ ထပါမြင်ရလျှင်တော့ အပြင်မှပင်ဝေ မကွဲ နိုင်ဘု၊ ရှင် ဝ တွင် မနေဘဲသာပ၊ ကြေကွဲပုံတမင်ဖန်ထိမ့်၊ သဇင်ထံ ဖြူဖြူလေးတွေကာ၊ အင်မတန်ကြူကြူမွေးတဲ့ပြင်၊ ငှက်ထကာ ဆက်ကာ ကြွေးကြွတော့။ (အော်) အသွားရနေပလားဆိုမှဖြင့် (ကွယ်တို့ရယ်) ဆွေးကြွစေမှာပါကလား။

တောနေ ယောဂီ ရသေ့ကြီးတပါးသည်၊ တောထဲတွင် ချမ်းချမ်းသာသာ အရေး ဘာဝနာ များကို အားထုတ်ပြီး၊ ကျောင်းသင်္ခမ်းများကို ထံမြက်လှည်း၊ အမှိုက်သရိုက်သင်ခြင်း များပြုလုပ်ကာ ညနေချမ်းအချိန်တွင်၊ မြစ်ဆိပ်သို့ဆင်း၍ ရေမိုးချိုးချင်းဆောက်ရေများခပ်လေရာ၊ ကမ်းစပ်တွင်အလွန် ကြီးမားပြီးထူးဆန်းသည့် လမုသီးကြီးတလုံးကို တွေ့ရှိသဖြင့်၊ "ဟယ်-ဒီအသီးကြီးက ကြီးလိုက်တာ၊ သူများအသီးတွေနဲ့လဲ မတူပါဘဲကလား" ဟု အံ့အားသင့်ပြီး "ငါကတော့ အကြောင်း ထူး တခုခုတော့ တွေ့ရမယ်ထင်တယ်" ဟု အကြံရကာရေချိုး အပြီးတွင် ရေဗူးကလေးနှင့်အတူ ထိုလမုသီးကြီးကိုပါ ကျောင်းသင်္ခမ်းသို့ ယူသွားပြီး၊ ကျောင်းလှေကားရင်းတွင် ထားလေ၏။

တနေ့သော်ထံမြက်လှည်းချင်း လမုသီးကြီးအနားသို့အရောက် တွင်၊ ကွဲအက်နေသည်ကိုမြင်၍ ထံမြက်စည်းကို ချထားပြီး၊ အသာအယာ စမ်းသပ်ကိုင်တွယ် ကြည့်ရှုရာ၊ ခလေးငိုသံ ကလေးသဲ့သဲ့ကြားရသဖြင့် "ဟယ်-ဘာသံများပါလိမ့်" ဟုအံ့ဩ ထိတ်လန့်စွာနှင့် ငင်အခွံပတ်များကိုခွါလိုက်သော်၊ သွားကနဲ ခလေးကလေးပေါ်ထွက်လာသည်နှင့်တပြိုင်နက်၊ ငိုကြွေးသံ တွေပါဆူညံသွားလေတော့သည်။

ရသေ့ကြီးသည်ထိုအခါတွင်မှနေသက်မဆုတ်သာတော့ဘဲ၊ ခလေးကလေးကို ချော်အနှီးကလေးဖြင့် ရစ်ပတ် ထွေး ပိုက်ပြီး၊ ပွေ့ချီ၍ ရှေ့ရမ်း ချော့မော့၍ သိပ်ထားရပြန်လေ၏။ ရသေ့ကြီးမျာမှာ ဒုက္ခတွေကြုံတွေ့လွန်းလို့ ချုလိုတောကြီး တောင်ကြီးထဲလာ ပြီး၊ အဖေါ် မဖိုးတကိုယ်တည်း တရားသာ အားထုတ်နေပါ ထယ်၊ မျှော်လင့်ဘဲ ဘာ နှယ် ခလေး တယောက်လာ ရ နပြန်တယ်ဆိုဘူး၊ ပြီးတော့သည်း ခလေး ခရသေ့ ရ နီးများ နှင့် လေးလ းမှ အဝေ စ်သည့် နုညှိုယ နှယ်သွားမိန်းမသားကလေးဆိုတော့ ရသေ့ကြီးမျာအကျပ်

ကျနေရာ "ဟယ်……တတ်နိုင်ပါဘူးလေ, ဖြစ်သမျှ အကြောင်း အကောင်းချည့်ဘဲ မှတ်ရတော့မှာဘဲ ခလေးကလဲငိုလိုက်တာ လွန်ပါရော" ဟုညည်းညူရင်း အကြံရသည်နှင့် "သွီးလေးကံ့ ငါ့ကံ အမှန်နီးစပ်ရင် ငါ့လက်ညှိုးက နို့ရည်ထွက်စေသား" ဟု အဓိဋ္ဌာန်ပြုလေ၏။

ထိုခဏတွင်ပင် သစ္စာထက် မြက်လှသဖြင့်၊ လက်ညှိုးမှနို့ ရည်ထွက်လာရာ ရသေ့ကြီးမှာ အတိုင်းမသိ ဝမ်းမြောက်လှ သဖြင့်၊ ချက်ချင်းပင် သွီးကလေးကိုချီပွေ့ကာ နို့တိုက်ပြီးမြူရ စောင့်ရှောက်ရရှာလေ၏။

သို့ဖြင့်-ခလေးမကလေးမှာ အနည်းငယ်ကြီးလာလေသော်၊ ရသေ့ကြီးကိုယ်တိုင်ပင်သွီးကလေးအား၊ လမုသီးမှရသည်ကို အစွဲပြုပြီး "မယ်လမု" ဟု အမည်ပေးပြီး၊ သစ်သီးသစ်ဥများ ကိုရှာဖွေကျွေးမွေးရင်း လမ်းလျှောက်နိုင်လောက်သည့်အရွယ် တွင် လမ်းလျှောက်သင်၊ စကားပြောတတ်သည့် အရွယ် လောက်တွင် စကားအပြောသင်၍၊ ချစ်ခင်ယုယသစွာ မွေးမြူပြုရ နေရလေ၏။

သို့နှင့်-နှစ်တွေ, နှစ်တွေကြာ၍ ဆယ် ခြောက်နှစ်လောက် ရောက်လာသောအခါတွင်၊ မယ်လမုကလေးသည် လူသား သာမန်နှင့် မတူသန့်သူကလေးမို့ အသားအသွေးတွေ ဖြူဝင်း ပြီး၊ ကြော့ရှင်းမူရာခြောက်ပြစ်ကင်းသူကလေး ပီသစွာအလွန် ပင်ချောမောလှပနေရှာပေ၏။

## မယ်လမုဘွဲ့-တေးထပ်

ကိုယ်နေဟန်ယဉ်စစ၊ ခင်နှမရုပ်ပါ။ အသွင်လှမူရာ
ငယ်၊သူဇာနွယ်တနှုန်း၊ ကိုယ်အသွေးဆင်းသိင်္ဂီလို၊ ဝင်း
ထိန်ကြည့် သင်းပျံ့ဂမုန်း။ ဖြူအသားနုထွား စိုတယ်၊
ရဘူရားလိုကိုယ်လုံး။ ညွတ်ထားပျိုနဂိုရ်ပြီးပုံက။ အိုမဆုံး
မကျစရာ။ရင်ချီချီဆန်းအကွန့်၊ ပန်းနှစ်ညွှန့်ပွင့်လို့ုံအား။

ထွားစို့စို့ကားမို့ကာငယ်၊ ထားပျို့ကညာ ထင်ဆုံလှ
ဆန္ဒို။မြင်ရုံမျှ မက်မောစရာလေ၊ ရထတ် ဇောဖြာဝေ။
ချောယဉ်အရုပ္ပယ်နွဲ့မှာလေ၊ မယ်လမှ ညှာဆော့လှမိုးယ်
စွေလို့လေး.......။

မယ်လမှ ကလေးကား- တောသူကလေးမို့ ဆန်းပြားတွေ
လာအဝတ်အစား ဆန်းဆန်း တွေကလည်းမရှိ၊ အလှအပပြင်
ဆင်ဖို့ထိမ်းချယ် သစရာမျက်နှာချေ၊ ပေါင်ဒါ၊ နှုတ်ခမ်းဆိုး
စရာတွေပါဘာမျှမရှိသော်လည်း၊ ပင်ကိုယ်အလှမို့ အပြင်အ
ပြင်အလှတို့နှင့် ယှဉ်မရနိုင်စရာတကိုယ်လုံးထွားထွားမို့မို့တစ်
တစ်ရစ်ရစ်ကလေးမို့ မြင်တွေ့သူမှန်သမျှ စိတ်ရှိ,လက်ရှိချစ်ပစ်
ချင်လောက်အောင် ချောမောလှပနေ ပေတော့သည်။

သို့ပင် မယ်လ မှ က လေး မှာ ဘယ် လိုပင် လှပချောမော
နေစေကာမူ၊ ဘခင်ရသေ့ကြီးမှတပါး တောကြီးမျက်မဲတွင်
တပေါက်တည်းလှချင်တိုင်း တောပန်းတောင်ပန်းတို့နှင့်သာ
မြိုင်ပြီး လှနေရရှာလေရော၊ ရူး ဆွတ် မည့် သူ မရှိသည့် ပန်းပွင့်
ကလေးပမာ အတန်ကြာလျှင် ကြွေမကျသော်လည်း ဒိုမင်း
ခြင်းသို့ရောက်ရတော့မလို ပန်ဆင်မည့် သူကင်းသဖြင့်တကိုယ်
တည်းပျင်းရိနေရရှာလေသည်။

## ရည်းစားမျှော်-ဘောလယ်

၁။ မြိုင်တော-ဖေဟာမာ - ဟောမာ၊ တွေတွေရာဆန်းပါတဲ့၊
ငွေငွေသွာပန်းမှာဖြင့်၊ လန်းတင့်ဝေ။လှမ်းလင့်ကြို့နေ-
ကြို့နေ၊ ဒိုလေဆော် သွေးရင်လေး.......မွှေးပျံ့လို့နေ။

၂။ ပျားပိထုန်းတွေ သုံးပါလို့- ချုံးကာလော၊ နှုံးကာကြွေ
မပေါ့ပွင့်ဖွာလေး၊ ရင့်ကာပြေးပါထိမ့်- နွေးမကြာ၊
ဆွတ်လှဲ့မောင်ရာ- မောင်ရာ၊ နောင်အခါ နွမ်းကာ
လေး.......ကျွမ်းကြွေလိမ့်မှာ။

ထိုအချိန်တွင် ဥက္ကလာပ မင်းသား ကလေး သည်လည်း ထုံမြို့တွင် ဘုရင်ပွဲလုပ်၍ စိုးမိုးအုပ်ချုပ် နေတော်မူလေရာ၊ မှူးကြီးမတ်ရာ သေနာပတိတို့ တိုင်ပင်ညှိနှိုင်းမှု ရှိကြကာ ဘုရင်မင်းမြတ်အား တိုက်တွန်းဖျောက်ထားကြပြီး၊ အမတ်ကြီး တဦး၏ သို့း၊ရတနာဖြင့် အဘိသိက်မြှောက်၍ ရလျှား ရစ်ပတ် လက်ဆပ် ထိမ်းမြားကြလေ၏။

ဥက္ကလာပ မင်းကြီးသည် ထိုမိဖုရားကလေးကိုပင် ယုယုယယ အချစ်မျှတော်မူပြီး တောင်ညွှန်စံဒေဝီမဟေသီ ခန့်ထားတော်မူကာ၊ တိုင်းသူပြည်သားတို့အားလည်း ရင်ဝယ်သားပမာ သနားတော်မူလျက်၊ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ စိုးမိုးအုပ်ချုပ်မင်းလုပ်နေတော်မူလေ၏။

သို့နှင့် ဥက္ကလာပမင်းသား နန်း စံ သုံးနှစ် မျှ ရှိ လေ သော်၊ တောင်ညွှန်စံမိဖုရားကလေးတွင်၊ ပဒ္မကြာ ဖူး ကြွတ် နှုတ် ငုံ ရ၍ သားတော်ဘုပါးဖွါးမြင်လေရာ၊ ဥက္ကလာပ မင်းကြီး အလွန်ဝမ်းသာတော်မူကာ-နာမကာခုဏမင်္ဂလာပွဲ အမည်မှည့်အပ်သောနေ့သို့ ရောက်သောအခါ - ချစ်နှစ်ဘွယ်သောမျက်နှာရှိသည့်အတွက် မှူးမတ်ပရိသတ်ဗိုလ်ပုံအလယ်တွင် "မင်းနန္ဒာ" ဟု အမည်မှည့်တော်မူလေ၏။

ထို့နောက်သော် ဥက္ကလာပမင်းကြီးသည်၊ သားတော်ကို ချစ်မြတ်နိုးတော်မူသဖြင့်၊ နောင်ဖြစ်လတ္တံ့သော ဘဝကြောင်းပေးကို သိတော်မူလိုလှသဖြင့်၊ တနေ့သော ညီလာခံသဘင်တွင်၊ ပုရောဟိတ်ပုဏ္ဏားများအား - သား တော် က လေး ၏ ဇာတာတော်ကို စစ်ဆေးစေတော်မူလေ၏။

ပုဏ္ဏားတော်ပညာရှိများသည် ဘုရင့်အမိန့်တော်ကိုရှိသေသောအားဖြင့်၊ မင်းသားကလေး၏ ဇာတာတော်ကို စစ်ဆေးတွက်ချက် ကြည့်ရှုကြလေရာ၊ မကောင်းသော အချက်အခုကို တွေ့ကြသဖြင့်၊ ဖြောင့်မတ်မှန်ကန်စွာပင် ဘုရင်မင်းမြတ်အား လျှောက်ထားသံတော်ဦး တင်ကြလေ၏။

ဥက္ကလာ ပမင်းကြီး သည် ပုဏ္ဏားတော် ပညာရှိကြီးများ လျှောက်တင်ချက်အရ "သားတော်ကလေးရေဘေးနဲ့ အောက် သေရေးမြင်ကြောင်း" ကြားသိရလေသော်- "သားတော်ကို ရေစပ်ကမ်းနား မသွားဖြစ်အောင် အစောင့်အရှောက်များနှင့် အမြဲတန်း စောင့်ရှောက်ရမည့် မောင်မင်းများ" ဟုအမိန့်တော် မြွက် ဘတ်မှတ်တော်မူလေသတည်း။

# အခန်း(၂)

## ဥဒါန်း-လေးဆစ်

**သားအထု** မျက်ရှသို့ခင်မင်ကာ၊ ကောင်းမွန်စုံ ပြုရ ကျေး၊ မမွေးသင့်ပါ၊ မျိုးရိုးမှာ၊ ဘယ်ခါမှမတည်မြဲကော၊ ရိုးရိုက်ကိုပုံတင်ပြတယ်၊ မှတ်ကြစေသော၊

မိကျောင်းဥကြီးသည်ကား - ဒီရေဖြင့်ဆွဲဆောင် မှုကြောင့်၊ အညာဘက်သို့ ဆန်တက်၍သွားခဲ့လေရာ၊ ထန်းတပင်မြို့ အနီး ရွာကလေး တခုတွင် ငါး ဖမ်း နေ ကြ သည့် ထင်ငါသည် လင်မယားဖြစ်ကြသော ဖိုးခေါ်လေပန်း-မယ်ဖက်တို့ တို့၏ ပိုက်ကွန်တွင် ဝင်ရောက်မိနေလေ၏။

ထင်ငါသည် လင်မယားတို့သည် ဥကြီးကို တွေ့ကြလျှင်၊ ဘာဥကြီးမှန်းမသိကြသော်လည်း ပေါက်ခွဲမပစ်ကြဘဲ ကမ်း စပ်သို့ယူသွားကြကာ ရွှံ့ဘာတခုံကလေးဆည်၍ လိုင်မြစ် ထဲမှာပင် မွေးမြူထားကြလေ၏။

ဥကြီးသည်နေ့တွေ့ခက်တွေ့ကြာလွန်လေသော်၊မိကျောင်း ကလေးတကောင် ပေါက်ဖွါးလေ၏။ ထင်ငါသည်လင်မယား တို့သည် ပိုက်ကွန်များပြင်ဆင်ကြပြီး ငါးဖမ်းရန် ရေဆိပ်သို့ ဆင်းကြလေရာ၊ပဥ္စမဦးဆုံးပင် ဥကြီးထားရာဆီသို့သွားရောက်

ကြည့်ကြစဉ်၊ မိကျောင်းကလေး ပေါက်နေသည်ကို မြင်ကြရလျှင် လွှတ်မပစ်နိုင်ကြတဲ့၊ ထွက်ပြေးမှာပင် စိုးရိမ်ကြသဖြင့်၊ ရေအိုင်ကို ခပ်ကျယ်ကျယ် ချုံပြီး- ဝါးတိုင် ယင်းကလေးများ ကာရံလျက်မွေးမြူထားကြကာ၊ ငါးဖမ်းသွားကြ၍ အပြန်တွင် မိကျောင်းကလေးကို ငါး များ ကျွေး ပြီး အိမ် သို့ ပြန် ခဲ့ ကြလေ၏။

သို့နှင့်မိကျောင်းကလေးမှာ တဖြည်းဖြည်း ကြီးထွားလာခဲ့လေသော်-ထံငါသည်လင်မယားတို့သည် မိကျောင်းကလေးကို သားအရင်းပမာ ချစ်ခင်နေကြသည် ဖြစ်သဖြင့်၊ မိုးယံရိပ် မိုးယံ ရောင်ရှိ စဉ်တွင် မွေး ဖွား သည် ကို အကြောင်း ပြုပြီး "ငမိုးရိပ်" ဟု အမည်မှည့်ကာ ဝါးအလုံးတရာ ဝယ်ပြီး၊ သေသေ ချာချာ ကာရံကာ နေ့စဉ်ငါးများ ကျွေးမွေးပြုစု၍ ကောင်းမွန်စွာမွေးမြူထားကြလေ၏။

ထံငါသည်လင်မယားတို့သည် နေ့စဉ်ပင်အစားအစာများ ကျွေးမွေးကာ ပြုစုမွေးမြူလာခဲ့ကြရာ မိကျောင်းကလေးသည် တဖြည်းဖြည်း ကြီးပြင်းလာခဲ့လေ၏။ မိကျောင်းလေးကြီးမားလာ သော်လည်း၊ ထံငါသည် လင်မယားတို့မှာ ငယ်ငယ်ကလေးထုန်းကလိုပင် သားလေး, သားလေး ဟု ခေါ် ငင်ကြကာရဲဝံ့စွာပင်အနီးသို့ကပ်၍ အစားအစာများကျွေးမွေးလေ့ရှိကြလေ၏။

ဤသို့လျှင်-ထံငါသည် လင်မယားတို့သည်၊ သားအရင်းပမာ-မိကျောင်း ကလေးကို မွေးမြူ လာခဲ့ကြရာ၊ မိကျောင်းကလေးကလည်း ယဉ်ပါးကာပင်-ထံငါသည် လင်မယားကို ခရီးဦးကြိုဆိုနေလေ့ရှိပေသည်။

သို့သော်လည်း ယခုအခါမှာမူ မိကျောင်း က လေး က-မိကျောင်းကြီးဘဝသို့ရောက်လာပြီဖြစ်သည့်အပြင်ထိုနေ့အတွက်မှာမူ၊ ထံငါသည် ထင်မယားတို့ ကလည်း အစာ ကျွေးချိန် နောက်ကျနေ၊ ငမိုးရိပ်ကလည်း အစာမစားရ၍ စိတ်တိုနေ

ချိန်နှင့်ဆုံနေစဉ် ___ အဘိုးကြီးဖိုးထော် လပန်းက ငါးများကို ပလိုင်းထဲထည့်ကာ၊ "သားကြီးဆာနေပြီလားဟေ့. အဘောတို့ အနည်းငယ် နောက်ကျသွားလို့ကွာ" ဟု ပြောပြော-ဆိုဆို-ငမိုးရိပ်အနီးသို့ ချဉ်းကပ်လေလျှင်၊ ငမိုးရိပ်သည်ကား-လူ့စကားကို အလျှင်း နားမလည် သည့်အပေါ်၊ ဆာလောင်မွတ်သိပ်လှ၍ စိတ်ကထည်းဆိုးနေပြန်သဖြင့်၊ ကျေး ဇူး ရှင် အဘောဘာသော,ညာသော,နားမလည်နိုင်တော့ဘဲ၊ အစာဘဲဟုသည့်သဘောဖြင့်၊ ဖိုးထော်လပန်းအား အမြီးဖြင့်ပုတ်ကာ, ရေနက်ထဲသို့အဘင်ဆွဲချလေတော့၏။

ထိုအခါတွင်- ဖိုးထော်လပန်းသည် အင်အားချင်း မမျှသဖြင့်၊ ရေနက်ထဲသို့ပါသွားကာ ငမိုးရိပ်၏ကိုက်ဝါးခြင်းကို ခံရရှာလေ၏၊ထိုအချိန်တွင် သတိရလာသဖြင့် "နောင်ဘဝတွင် ဒီငမိုးရိပ်ကို နိုင်ရသည့်ကိုယ် ဖြစ်ရပါစေသား"ဟုဆုတောင်းနေတုန်း ___ နောက်တကြိမ်ငမိုးရိပ်၏ ကိုက်ဝါလိုက်စဉ်တွင် အသက်ပျောက်၍ သေကြေပျက်စီးခြင်းသို့ ရောက်ရှာလေတော့၏။

ဖိုးထော်လပန်းသည် ထိုဘဝမှ စုတေခဲ့သော် - ဇဂုန်မြို့အနီး ပေါက် ပင် ကြီ တွင်သ န္ဓေ နေ ၍ ဖွါး မြင် သော အ ခါ "ပေါက်ကျိုင်း" ဟုသော အမည် ဖြင့်၊ လူစွမ်း ကောင်း တယောက်ဖြစ်နေလေ၍၊ ကြီးပြင်းလာသောအခါ ဥက္ကလာပမင်းကြီးထံ ခ, စားရသောမင်းချင်း တယောက်ဖြစ်နေလေ၏။

ထိုရွာသည်လည်း ယခုတိုင်အောင် "ဝါးတ ရာရွာ" ဟု အမည် တွင်လျက် ထင်ရှားကျန်ရစ် ခဲ့လေ၏၊ငမိုးရိပ်သည်လည်း ထိုအချိန်မှစ၍ထိုရွာတွင်မနေတော့ဘဲ၊ ဝါးတရာခြံကို ဖေါက်ခွဲဖျက်ပစ်ကာ၊ ချောင်း ကလေးတချောင်းမှ ကွေ့၍ ရန်ကုန်ဘက်သို့ထွက်သွားလေတော့၏၊ထိုချောင်းသည်လည်း ယနေ့တိုင်အောင် "ငမိုးရိပ်ချောင်း" အမည်ဖြင့် တွင်ကျန်ရစ်လေ၏။

ငမိုးရိပ်သည် ထိုချောင်း ကလေးအတိုင်း ထွက်လာခဲ့လေ သော်......လမ်းရိုးတွင် မိကျောင်းမသုံး ကောင်နှင့် ရင်ဆိုင် မိကြရာ ......မိကျောင်းမများကလည်းမိမိတို့နေရာဟု မာန်မာန ဖြင့်ရှောင်မပေးကြ ငမိုးရိပ်ကလည်း ခေါင်းသုံးတောင်ရှည် သည့်အတွက် မိမိ၏ကာယဗလ စွမ်းပကားကို အားကိုးနှင့်ဗိုလ် ချင်း တွေ့နေကြရာ အရှုံးအနိုင် ထိရအောင် ကိုက်ကြရသည့် အထိပင် ဖြစ်ကြလေ၏။ နောက်ဆုံးတွင် ...... ငမိုးရိပ်က မိကျောင်းမသကောင်ကို ကိုက်လိုက်ရာ......**ထက်မ**, ပြတ်သွား သဖြင့်၊ ၎င်းမိကျောင်းမများ ထွက်ပြေးပြီး - အရှုံးပေးကြရ လေ၏၊ ထိုမိကျောင်းမ အမည်သည်ကား၊ ထိုနေ့မှ စ ပြီး "မထက်တို" ဟူသော အမည်ဖြင့် ခေါ်တွင်ရစ်လေ၏၊ ၎င်း မိကျောင်းမ သုံးကောင်တို့သည်ကား၊ ဤသို့ရှုံးကြရသည့် အတွက်၊ ငမိုးရိပ်အပေါ် အငြိုးမပြေ အခဲမကြေကြနိုင်ဘဲ၊ အခွင့်ကောင်းရလျှင် အသေသတ်ကြရန် အခါကောင်းကိုသာ အမြဲချောင်းမြောင်းပြီး တစိတစောင်း စုံစမ်း ထောက် လှမ်း နားထောင်နေကြလေ၏။

ငမိုးရိပ်သည်ကား- မိမိကာယဗလကိုသာ အားကိုး အား ထားပြုပြီး၊ မည်သူ့ကိုမျှ ဂရုမစိုက်တော့ဘဲ ရန်ကုန်မြစ်တဝှမ်း လုံးထဲတွင်၊ ဘုရင် တသူသဖွယ် နေရာတိုင်းဝယ် ကြောက် လန့်ခြင်း မရှိဘဲ၊ သွားလာ ကျက်စား၍ လှည့်လည် နေလေ သတည်း။

# အခန်း(၃)

သီဟဒီပ ကျွန်းအမည်ရှိသော ကျောက်တန်းမြို့ တွင်ကား ကျုံးထား, ပဝင်အစုံအလင်တို့ဖြင့်၊ ထီးဖြူမိုးသာ ချုပ်စိုးနေ ပါသော ဓေယျသေနမင်းကြီးသည်၊ မြို့တော်ကျဉ်းမြောင်းလှ သည့်, နေရာအတွက် အဆက်, အထား, အသိမကောင်းဟု

အထင်တော်ရှိသဖြင့်၊ မြစ်ကမ်းစပ်အနီးသို့ ပြောင်းရွှေ့တော်မူကာ၊ ပါဠိမြို့တော် ဟု သမုတ်တော်မူပြီး ပြောင်းလွှဲစံနေတော် မူလေ၏။

ထိုပါဠိမြို့တော်၏ အရှေ့ဘက် ဖက်ပဿားကြီးရွာတွင်၊ မွေးရာ ဇာတိရှိသော "သံလျင်" အမည်ရှိသည့် လူစွမ်းကောင်း တယောက်သည်၊ ထောရွာတွင် နောက်လိုက် ငယ်သားစစ်သည်ဗိုလ်ပါများကိုရရုံးစိမ်းသွင်းကာ၊ ဇေယျသေနမင်းကြီးအား တော်လှန်ပုန်ကန်လေရာ၊ ဇေယျသေနမင်းကြီးလည်းဖြုံးစားဗျင်းတောင်းဖြစ်သဖြင့်၊ ကြာရှည်စွာခံ၍တော်မမူနိုင်သဖြင့်၊ တိုင်းပြည်နှင့် ထီးနန်းစည်းစိမ်များပါ၊ အလင်းအရှုံးပေးအညံ့ခံလိုက်ရသောကြောင့် သံလျင်သည်ပင်ထိုမြို့ကိုအစိုးချုပ် မင်းလုပ်တော်မူလေ၏။

ထိုနေ့မှစ၍ ပါဠိမြို့တော်သည်လည်း သံလျင်မြို့တော်ဟု အမည်တွင်ကာ၊ ထင်ပေါ်ကျော်ကြားခြင်းသို့ ရောက်လေ၏၊ သံလျင်မင်းကြီးသည်လည်း အေးချမ်းသာယာစွာ တရားနှင့် အညီမင်းပြုလာခဲ့လေရာ၊ နှစ်ပေါင်း အတန်ကြာ လေသော်၊ နတ်ရွာစံ ကံတော်ကုန်လေ၏။

သံလျင်မင်းကြီးလွန်လေသည်မှ မင်းပေါင်း (၃၆) ဆက် မြောက်လေသော် "ဘောဂသေန" အမည်ရှိသော မင်းသားကလေးသည်၊ ပျိုမြစ်နုနယ် ငယ်ရွယ်သေးသော်လည်း ခမည်းတော် နတ်ရွာ လားပြီးနောက်၊ မှူးမတ်များ မင်းမြှောက်ကြသဖြင့်၊ မငြင်းဆန်သာ၍ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ကာ နေရှာလေ၏။

ဘောဂသေန မင်းသားကလေး နန်းတက်၍ မကြာမီပင်၊ အမတ်ကြီးများကတောင်ညာစံဒေဝီတပါး မြှောက်စားတော်မူမှသင့်လျော်မည့် အကြောင်း လျှောက်ထားကြသဖြင့်၊ မင်းပွဲ

သဘင်ထွင် တိုင်ပင်ညှိဘွတ်ကြကာ၊ နောက်ဆုံး အောက်ပါ သတင်းကောင်းတရကို မင်းမြတ်ကလေးအား လျှောက်ကြား သံတော်ဦးတင်ကြလေ၏။

သတုံးဝင်းဘိန်ရာဇာ၏သမီးတော် သုဝဏ္ဏဒေဝီသည်၊ ခမည်းတော်ကိုယ်တိုင်ပင် အပ်နှင်းပေးမြား ဖြစ်သည့် မောင်တော် တဝမ်းကွဲတော်စပ်သူမောင်ဒွိရှိရာသမိန်စကာကျွန်း (တွံတေးမြို့အနီး) သို့လိုက်ထသွားခဲ့ရာ၊ မောင်တော်ဖြစ်သူ မောင်ဒွိသည် သုဝဏ္ဏဒေဝီနှင့် တယောက်ချင်းသာအတွေ့ခံပြီး၊ အတူတူချစ်ခြင်းပြိုင်နေဝံ့ သော်လည်း၊ အစကလူကိုမမြင်ဘူးသည့် အရပ်တွင်သာ နေရသည့် လူရိုင်း တယောက်ဖြစ်သဖြင့်၊ မင်းသမီးကလေး၏ စစ်တပ်များ ရောက်အလာတွင်၊ အခ ဘင်း ထွက် ပြေးလေရာ၊ သစ်ပင်ပေါ်မှကျကာ၊ ခန္ဓာကြွေ၍ မရထာပြည်သို့ ထသွားရလေ၏။

သုဝဏ္ဏဒေဝီ မင်းသမီးကလေးသည်၊ ချစ်လှစွာသော မောင်တော်တယောက် မိမိမျက်မှောက်တွင် မရှု့မလှကံတော်ကုန်ရသည့်အတွက်၊ မချိသင်ကဲ,ဝမ်းနည်း,တ,သ,လွမ်းဆွတ်တော်မူလှသဖြင့်၊ ထိုသမိန် စကာကျွန်းတွင် ပါလာသ မှုသော စစ်သည်တော်များနှင့် အနီးအနားရှိ ရွာသူရွာသားများကို သိမ်းကျုံးခေါ် ယူပြီး မြို့တော်တည်ထောင်ကာဘုရင်မ ပြု လုပ်၍ နေတော်မူလေ၏။

ထိုမြို့တော်သည်ကား မြို့ပတ်လည်တွင် ကြခတ်ဝါးရုံများ ကာရံကာ တည်ဆောက်ထားသောကြောင့်၊ ကြခတ်ဝါးရုံမြို့ အမည်ဖြင့်ထင်ရှား ကျော်ကြားလေ၏။ သုဝဏ္ဏဒေဝီဘုရင်မ ကလေးသည်လည်း ယော ကျ်ားဆိုလျှင် မောင်တော်မောင်ဒွိ နှင့် တကြိမ်နှစ်ကြိမ်တွေ့ဆုံဘူးချစ်ကြည်နူးခဲ့ဘူးသည်မှတပါး အပျိုပကတိလိုပင် ဖြစ်သောကြောင့်၊ လှပချောမော ခြင်း, ယဉ်ကျေးသိမ်မွေ့ခြင်း, ကိုယ်လုံးအနေအထား အချိုးအစား ကျနခြင်းတို့မှာ အလျှင်းမပြောင်းလဲသေးရကား၊ အလှဘုရင်မ

ကလေးတဆူလိုတိုင်းပြည်အနှံ့အပြားသို့ ကျော်ကြားသတင်း ပြန့်လွင့်သင်းနေလေ၏။

ဘောဂသေနမင်းမြတ်သည် သုဝဏ္ဏဒေဝီ သုရင်မကလေး သတင်းကိုကြားသိတော်မူလျှင်၊ အဝေးမှပင် မေတ္တာတော်ဝင် သဖြင့်၊ မှူးမတ်များကိုစေလွှတ်ကာ လက်ဆောင် ပဏ္ဏာများ ကိုပို့စေ၍ အဘိသိက်ခံ၍ တောင်ညှာစံအရာ လက်ခံပါမည့် အကြောင်း အခွင့်တောင်းလေ၏။

သုဝဏ္ဏဒေဝီသည် ထိုသတင်းကို ကြားလျှင် သူ့မောင် တော် မောင်ဒီ လွန်သည်မှာ မကြာသေးသဖြင့်၊ အောက်မေ့ လွမ်းဆွတ်နေစဉ်ဖြစ်နေသေးလျက် ပျော်ပါးလိုစိတ်ကုန်ခန်း နေချိန်မို့ ဒေါသဖြစ်ကာ၊ ရက်စက်ကြမ်းကြုတ်စွာပင် မချေမငံ ပြန်ကြားသွာပို့လွှတ်စေလိုက်လေ၏။

ဘောဂသေနမင်းသည် ထိုပြန်ကြားသွာကို တွေ့မြင်ရသော အခါ၊ အချက်တော်လည်းရှ,သုဝဏ္ဏဒေဝီကိုလည်း မေတ္တာရှိ လှသဖြင့်၊ စစ်သည်ဗိုလ်ပါများကို ရုံးကာကြခတ်ဝါးရုံမြို့ကို တိုက်ခိုက် သိမ်းယူရန် စစ်ချီတော်မူ၍ "တိုင်းပြည်ကိုလည်း အပ်နှင်းမည်လော၊ စစ်ရေးနှင့်ပင် ချခံမည်လော" ဟု ရာဇသံ ပို့တော်မူစေ၏။

သို့ရာဇသံကို ကြားသိကြလေသော် - ကြခတ်ဝါးရုံ မြို့သူ မြို့သားတို့သည်လည်း အညံ့မခံကြသဖြင့် စစ်ဖြစ်ကြလေ၏။ စစ်ပွဲကားကြာရှည်စွာမဆင်နွှဲရပေ။ ဘောဂသေနမင်းဘက်မှ စစ်သည်အင်အားများပြားလှပြီး သုဝဏ္ဏဒေဝီဘက်မှအင်အား နည်းပါးလှသည့် အတွက် ကြခတ်ဝါးရုံမြို့မှာများမကြာမီပင် ကျဆုံးရရှာလေ၏။

ဘောဂသေနမင်းသည် စစ်အောင်တော် မူလေသော်....... ကြခတ်ဝါးရုံမြို့နှင့်တကွ သုဝဏ္ဏဒေဝီကိုပါ လက်ရဖမ်းဆီး တော်မူလေ၏။ သုဝဏ္ဏဒေဝီ သုရင်မကလေးသည် အင်အား

ချင်းမမျှ၍တိုင်းပြည်ကိုအစပ်နှင်းပြီး မိမိထိမ်းပိုက်ခြင်းခံရသော်လည်း၊အခွင့်ပန်ကြား၍ ရွှေဆံတော်ဘုရားသို့သွားကာ၊ကာမေသုမိန္ဒာစာရကံကို ထိန်းသိမ်းလှူဒါန်းသောအားဖြင့်၊ မောင်တော် မောင်ဒီနှင့် ပဋိသန္ဓေ ရှိနေသည်ကို အကြောင်းပြုပြီး၊ "တပည့်တော်မသည် ရန်သူမင်း၏ အနိုင်အထက် ပြုမှုနှိပ်စက်ပြီး မိဖုရား ပြုထားပါသော်လည်း၊ သန္ဓေတော် မဖွားခင်ပင် မရဏာပြည် သို့ဝင်ရပါလို၏အရှင်ဘုရား" ဟု ဆုတောင်းပြီး မငြင်းဆန်သာသည့်အတွက်၊ ဘောဂသေနမင်းခေါ် ရာသံတျင်မြို့သို့လိုက်ပါတော်မူပြီး မိဖုရားအရာ ခံယူရရှာလေ၏။

ဘောဂသေန မင်းကြီးသည်ကား - မိဖုရား အချစ်ကလေးကိုရလေသော်အလွန်ပင်ဝမ်းသာ ရွှင်ပျစွာချစ်ခင်ယုယမြတ်နိုးလှသဖြင့်၊ အစစ အရာရာအလိုလိုက်ပြီး အကြိုက်ကိုပေးကာချီးမြှောက်ထားလေသည်၊ သို့ပါသော်လည်း သုဝဏ္ဏဒေဝီမိဖုရားကလေးမှာကား အပ္ပိယေဟိ သမ္ပယောဂဒုက္ခမှ တနေ့တရက်, တမနက်မှ ရွှင်ပျကြည်သာ မရှိရှာဘဲ၊ စိတ်ဆင်းရဲစွာပင်စံနေရရှာလေ၏။

သို့နှင့် ရက်တွေ,လ,တွေလွန်၍၊ ကိုးလမှဆယ်လသို့ရောက်လေသော် မိဖုရားကလေးမှာ အသည်းအသန်ရောဂါရထာပေတော့သည်၊ ဘောဂသေ န မင်းကြီးသည်လည်း အလွန်တရာချစ်မြတ်နိုးလှစွာသောမိဖုရားကလေးဖြစ်သည့်အတွက်၊ အထူးသမားတော်ကြီးများဖြင့်ပြုစုယုယကုသတော်မူစေလေသည်၊

သို့ပါသော်လည်း မိဖုရားက လေး၏ရောဂါမှာ ဆုတောင်းခဲ့သည့်အလျောက် သက်သာသည်မရှိ၊ ရှေ့သို့သာ တဖြည်းဖြည်းတိုးတက်နေသဖြင့်၊ နောက်ဆုံးတွင် သမားတော်ကြီးများပင် လက်လျှော့ကြရပြီး၊ဘုရားရဟန္တာဘိဇ္ဇာမှပင် မလွန်ဆန်နိုင်သည့်မရဏလမ်းသို့ လှမ်းရလေတော့၏။

**ဘောဂသေန** မင်းကြီးသည် သုဝဏ္ဏဒေဝီ မိဖုရားကလေး ဆုံးရှုံးကြောင်း သတင်းကိုကြားသိတော်မူလေသော်၊ အလွန် တရာချစ်လှစွာသော မိဖုရားကလေးဖြစ်သည့်အလျောက် မချိ တင်ကဲ ဝမ်းနည်းကြေကွဲကာ တမ်းတမူဆွေး ငိုကြွေးတော်မူ ပြီး၊ နှမြောလှစွာနှင့် ပင်ပျံပန်းအခမ်းအနားဖြင့်၊ မီးသင်္ဂြိုဟ်ရန် ခွင့်ပြုတော်မူလိုက်ရလေ၏။

အမတ်ကြီးများသည်လည်း သုရင်မင်းမြတ် အမိန့်တော် အရ၊ သုသာန်တော်သို့ ထုတ်ဆောင်ကာ မီးသင်္ဂြိုဟ်မှု မပြုကြ ခင်၊ တုံးစံအတိုင်း ဝမ်းပိုက်ကို ခွဲကြရလေရာ ကံကောင်း ထောက်မသဖြင့်၊ အသက်ရှင်လျက်ရှိသေးသည့် သွီးတော်က လေးတပါးကို ရရှိကြ၍ မိဖုရားကလေး အလောင်းကိုမီး သင်္ဂြိုဟ်ကြပြီးလျှင်၊ သုရင်မင်းမြတ်ထံ အကျိုးအကြောင်း သံ တော်ဦးတင်ကြလေ၏။

ဘောဂသေနမင်းကြီးသည် အမတ်ကြီးများလျှောက်ထား ချက်အရ သွီးတော်ကလေး ရရှိကြောင်းကြား သိတော်မူ လျှင်၊ အလွန်ပင်ဝမ်းမြောက်တော်မူသဖြင့်၊ သင်းချိုင်းတော်သို့ ထွက်ချီကြည့်ရှုတော်မူပြီး မင်းကြီးများ တားမြစ်မှုကြောင့်၊ သွီးတော်ကလေးကို နန်းတော်တွင်းသို့ သွင်းခေါ်ထားတော် မမူရသည့်အတွက်၊ အပြင်ဘက်မှာပင် တပင်တိုင်နန်းပြာသာဒ် တဆောင် ဆောက်လုပ်စေပြီး၊ အထိန်းတော်, အချီတော်, အချော့တော်များကို ကိုယ်တော်တိုင်ရွေးချယ် ခန့်အပ်တော် မူကာ၊ အခြွေအရံများစွာဖြင့် ချီးမြှောက်ထားတော်မူလေ၏။

သို့ဖြင့်-ဘောဂသေနမင်းနှင့် တကွသော မှူးမတ်များသည်၊ သွီးတော်ကလေးအား အမည်ပေးအပ်သောနေ့သို့ရောက်လေ သော်၊ တပင်တိုင်နတ်မယ် ဟု အဓိပ္ပါယ်ရှိသော မွန်ဘာသာ စကားဖြင့် "ဗို့နွန်"ဟု မင်္ဂလာရှိသည့်အမည်နာမကိုမှည့်ခေါ် ပေးထားကြရာ၊ နန်းတွင်းသူ နန်းတွင်းသားများနှင့် တကွ၊

တိုင်းသူပြည်သားတို့ပါ မင်းသွီးကလေး၏နာမည်ကို ပီသစွာ မခေါ်နိုင်ကြသဖြင့်၊ မွေးလွန်း ဟု ခေါ်ဝေါ်ဘန်များသဖြင့်၊ "ရှင်မွေးလွန်း" ဟူသည့်အမည်သာ ထင်ရှားလေတော့၏။

တပင်တိုင် မင်းသွီးကလေး ရှင်မွေးလွန်းသည် ရံရွှေဘော် အများဖြင့် တပင်တိုင်နန်းပြာသာဒ်ပေါ်တွင်၊ကိုယ်ရောစိတ်ပါ ချမ်းသာစွာနေထိုင်လာခဲ့ရာ၊ရက်တွေ,လ,တွေကုန်ညှောင်းပြီး နှစ်တွေ,ပြောင်းခဲ့လေသော်၊ နို့စို့အရွယ်မှ လေးဘက်တွား အရွယ်၊ ထိုမှစကားပြောနိုင်သည့် အရွယ်၊ ပြေးနိုင်,သွားနိုင်, ကစားနိုင်သည့်အရွယ် ကျောင်းသူအရွယ်စသည်ဖြင့် တဖြည်း ဖြည်း ကြီးရင့်ထွားကျိုင်းလာသည့်အလျောက်၊ နန်းထိန်းတော် များကျော့ဖူ ကြောင့်၊အစစအရာရာလိမ္မာသည့်အပြင် စာပေ များကိုလည်းကောင်းမွန်စွာရေးနိုင်,ဖတ်နိုင်သည့်တိုင်အောင် ထက်မြက်အောင်မြင်လာခဲ့ပေ၏။

သို့ဖြင့် ရှင်မွေးလွန်းကလေးသည် တစ,တစကြီးပြင်းထွား ကျိုင်းလာပြန်လေရာ ယခုအခါမှာမူ ဆဲ့ခြောက်နှစ်ဝယ် အပျို ကလေးအရွယ်သို့ပင် ရောက်ရှိလာပြန်သဖြင့် ရှေးကထက်ပင် ပိုမိုထွားမှို့, ဝါးမျှစ်စို့ကြီးလို အလွန်ပင် ချစ်စဖွယ်ကောင်း အောင် တိုးထက်ဖွံ့ဖြိုးအလှကြွက်သရေတွေ နေ့တိုင်း တိုးနေ လေ၏။

## ရှင်မွေးလွန်းဘွဲ့ (၁၀) ပေါ်တေးထပ်

နန်းတပင်တိုင် ဆန်းငွေခရူ၊ ပန်းရွှေပဒုစက်
ရာဖွေ၊ စန်းငွေအတုမကိမပြောသွယ်၊ ထက်နေ
လက်ဝေ ကြွက်သရေမြူး၊ ပျော်စံပါရစည်းစိမ်
တော်ငယ်၊ မငြိုးထိန်ထိန် ပိုကဲပါလို့ကြူး၊ ဘယ်
ညွှာလှည့်ပတ် ပျိုပေါင်းရုံတယ် အိုအကြောင်း
ထံကူသိုဘ်ဦး၊ ပို ကောင်း ဖန် ဖန် ချ လို ထူးလို့၊
လူ့ဘဝရှိညွှန့်ဖူး ထိပ်ထားမယ်၊ ပျိုမှာ ဆိုတာ

လိုတာရ၊ နဂိုရ်သာ စွ ကံသုန်း ဝေ လို့ ကြွယ်၊
သခင်မလေး နန်းတျာမယ်မှာ၊ ချမ်းသာသွယ်
သွယ် ဝန်းရံပတ်လို့၊ နန်းပျံပြာသာဒ် စံမြန်းရ
ပေကွယ်၊ကံစန်းထလေသလယ်၊ သုန်းထန်ဝေပြီး
နေမျိုးနွယ်မှာ၊ သရေမညှိုးသွယ် တင့်ဆန်းပ၊
သိလေး......၊

သို့မှုသစေ - ပင်တိုင်စံသုရင်မကလေး ရှင်မွေးလွန်းသည်၊ လူမကနတ်တမျှပင်လှပချောမော၍၊ လူစည်းစိမ်ထက်သာလွန်သည့် နတ်စည်းစိမ်မျှကို ခံစားနေရပါသော်လည်း၊ ကာမဘုံတို့၏ ဖုံးစံကုံ မလွန်ဆန်နိုင်သည့် လူသားသာမန်သာ ဖြစ်နေသေးသဖြင့် အချစ်မရှိသေးရကား၊ အပြင်လူများထင်မြင်ယူဆချက်အတိုင်းတော့ဖြင့် ပင်တိုင်ရှင်မကလေးမှာ မပျော်မွေ့နိုင်ရှာပါပေ၊

## အမျှော်စိုက်-ဘောလယ်

နေမင်းရောင်ရှိန် - ရောင်ရှိန်၊ ဆောင် ဆောင်အိမ်
ပြူတင်းဆီက၊မှောင်မှောင်ချိန်ခွင်းပ၊လို့ လင်းအာရုဏ်
ပန်းများဝတ်မှုံ ဝတ်မှုံ၊အိုဆွယ်ခြုံသွေးတယ်လေး......
မွေးပျံ့လို့တုံ......၊

ဒါဝသန် အကူးပေမို့ - လေရူးဆုံ၊ တွေဝေးပုံငယ်
ကြောင့် ရက်စဉ်မော၊ ငှက်ဥသြကလဲ ခရာပို၊ ချစ်တဲ့
ကိုကို-ကိုကို၊ အိုလာချိန်နီးပ၊ပေါ့ကွယ် ...... ကျိုးဆံက
ချိ......၊

သို့ဖြင့် ရှင်မွေးလွန်းကလေးမှာ နဂိုရ်သဘာဝ၏တိုက်တွန်းလှုံ့ဆော်မှုဇာတ်ချက်ကို ကြို့ကြို့မခံနိုင်လှသဖြင့်၊ ချစ်ပန်းခူးဆွတ်မည့် အမည့်နေရစ်မထိရသေးသော မောင်တော်ထပါး အတွက်သာ စိတ်မှာထင်မြင်စွဲမြဲမိပြီး၊ အားအားရှိ၍ တကိုယ်တည်းနေရသည့် အချိန်တွင် အတွေးဖြင့် စိတ်ကြည်နူးကာ

ဝမ်းထဲတွင်မျိုသိပ်မထားနိုင်ရှာတော့ဘဲ၊ ဖြည်းညှင်းစွာတိုက်ခတ် ကစားနေသည့် လေ အေး က လေး ၏ အဆော့အမြူကို လေသာပြူတွင်းမှခံယူရင်း ငိုမြန်းနေသည့် နှုတ်ခမ်းကလေးက ဖွင့်ကာ၊ သာယာချိုအေးသည့် အသံကလေးဖြင့် မ,သံပေးနေပါတော့တယ်လေ၏။

အမျှော်စိုက်–လေးဆစ်

အချစ်ဝန်း၊ ပွင့်လန်းလို့ နေပါတယ်၊ ပျိုချစ်သူ မောင်တော်မြန်းလို့ရယ်၊ ဖွာမ်းဆွတ်ပါ့ကွယ်၊ ထံချူရှယ်၊ ကြွေမယ်ဖျော့ပွင့်ဖူး၊ အပေါ်ပွဲသူမို့၊ တော်ဘဲနှော်သည့်ပျိုပျင်းလှဘယ် (ချစ်မဲ့သူရယ်) ရှုင်းပြနိုင်ဘူး—၊

အမျှော်စိုက်—တေးတပ်

ပန်းသဇင်နန်းပင်မြင့်၊ ခန်းဘဉ်ဘဉ် အဝေယ်၊ ဆန်းယဉ်ယဉ် သည်တမယ်မှာ၊ မကြည်ကွယ်ချမျှား၊ ဆွတ်ယူမည့် ထံချူရှင်ရယ်၊ မကြွေချင်တော့ပြီမို့လား၊ ဖူးစာရှင် နတ်ဆွေဆွေမှာ၊ ကပ်နေလေခေါင့်ကြား၊ လာဘ်ဇ္ဇ ငွေ စောင့်စားထင့်၊ မောင့်အနားမသိ၊ နေညှိဆိုမေပျိုဖြင့်၊ သေလိုချင့်ဖြစ်ပီပေပြီ ကျန်နေတို့ကံမသွဗီထင်၊ စံဒေဝီ လှသေရွှေးမတော့၊ ခဏလေး မွေးစက် မရွှင်၊ တွေးလျက်အစဉ်၊ တမွတ်ပန်း ဆွတ်လှမ်းချင်ကွယ်၊ ညွတ်ကမ်းချင်ပါဘိတော့လေး—၊

အမျှော်စိုက်—လေးဆစ်

သောင်ခြေဦးမှာလ၊ ပျော် မြူး ကြွ ဌက် ဇင် ရော်၊ လည်ပျှက်ကာ မောင်မယ်ဘဲ့ လို့ရယ်၊ နွဲ့ကြွပျော်ပျော်၊ မယ့်မှာနော်၊ မ ပျော် နိုင် ပေ ဘူး၊ ရည်သံတွေးရုံမျှ၊ မကြည်ရန်,သည့်ကံကဝေးလှတယ်ကွယ်၊ ဆွေးမိတ်နဲ့ ရှူး—၊

သို့ဖြင့်-ရှင်မွေးလွန်းလေးခမျာမှာ၊မထိမတင် မမှန်းဆမဖြင်နိုင်သည့် အချစ်ပန်းကို ဆွတ်လှမ်းချူယူမည့် ထံချူရှင်ကို နေ့စဉ်ပင် မျှော်ရ, မှန်းရ, တမ်းတရ, လွမ်းဆွတ်ရဖြင့် ရက်တွေ, လ,တွေပျောက်၊ နှစ်တွေပင်လွန်မြောက်ခဲ့ပေပြီ၊ သို့ပါသော်လည်း ချစ်သူသက်ထား ဇာနည်သွားကား၊ ယခုတိုင်အောင် ပေါ်ပေါက်မလာခဲ့သေးပါပေ။

ဒါပေမင့် ရှင်မွေးလွန်းကလေး၏ ကံ ကောင်း မှု ကြောင့်ကား၊ သူမ၏ လှပကြော့ရှင်း ခြောက်ပြစ်ကင်းသည့် သတင်းစကားတို့သည်၊ တိုင်းတပါးသို့တိုင်ပြန့်နှံ့ကျော်ကြား အလွန်ပင်ထင်ရှားနေသဖြင့်၊ ကြားသိသူလည်းများ၊ စွဲလမ်းနှစ်သက်နေကြသူများလည်း မရှားဖြစ်ကာ၊ အတိုင်းတိုင်း အပြည်ပြည့်တွင် မယ်သံလျှင် ရှင်မွေးလွန်း၏ အမည်တော်ကလေးသည် လူတိုင်း,လူတိုင်းတို့၏ ပါးစပ်များတွင် အစဉ်မွှေးပျံ့ပြီး ရနံ့ထသင်းသင်းဖြင့်အလွန်ပင်ပေါ်ပြူလာဖြစ်နေလေသတည်း။

# အခန်း (၄)

ဥက္ကလာပမင်းကြီးသည် တိုင်းသူပြည်သားလူအများတို့ကို တရားနှင့်အညီ စိုးမိုးအုပ်ချုပ်တော်မူသဖြင့်၊ တိုင်းပြည်အထူးရှင်မြိုး ကြည် မြ ချမ်း သာ ကြ သည့် အပြင်၊ မြို့ရော နယ်ပါ ဓားသူ့လက်မှကျန် သာယာဝပြော စပါးဆန်ရေ ရတနာအထွေထွေ ပေါများကြွယ်ဝစွာ ရှိ နေ ချိန်တွင် ထဖုသသနှင့်-ဘလ္လိက ညီနောင်တို့ အနောက်မဇ္ဈိမဒေသသို့ ကုန်ရောင်း ကုန်ဝယ် ကုန်သည် အဖြစ်ဖြင့်၊ သွားကြရာ၊ မြတ် စွာ ဘု ရား ပွင့် တော်မူနေသည့်အခါနှင့် ကြုံ ကြိုက် ကြ ၍၊ ရှိ သေ လေး မြတ် စွာ ဖူးမြော်ကန်တော့,ကြွက်ကျစ်မုံ့ မုယောမုံ့တို့ဖြင့် ဆက်ကပ်ပူဇော်ကြပြီးအပြန်တွင်၊မြတ်စွာဘုရား၏ကိုယ်စားစေတီတော်

အဖြစ်မှမှော်နိုင်ကြရန်၊ အမွေအနှစ်ကို ပေးသနားတော်မူပါ ရန် တောင်းပန်လျှောက်ကြားကြရာ မြတ်စွာဘုရားကိုယ်တော် မြတ်က ပေးသနားတော်လိုက်သော ဆံတော်ဓါတ်မြတ် ခုနစ်ဆူတို့ကို ရိုသေစွာယူဆောင်ပြီး ဥက္ကလာပမင်းကြီးအား ဆက်သကြသဖြင့်၊ ဘုရင်မင်းမြတ်ကိုယ်တိုင် သိကြားမင်းနှင့် နတ်မင်းကြီးလေးပါးတို့ အကူအညီဖြင့်၊ သိင်္ဂုတ္တရကုန်းတော် ကို ရှာဖွေကြပြီး ဆံတော်ဓါတ်မြတ်များနှင့်၊ ရှေးဘုရားသုံးဆူ တို့၏ တောင်ဝှေး, ရေစစ်, ရေ သ နုပ် တော် များ ကို ထပ်မံ ဌာပနာထားကာ၊ "လေးဆူဓါတ်ပုံရွှေတိဂုံ" ဟူသောအမည် ဖြင့်၊ စေတီတော်တဆူ တည်ထားကိုးကွယ်တော်မူသတည်း။

## ရွှေတိဂုံစေတီတော်ဘွဲ့ (၁၀)ပေါ်တေးထပ်

ဟံသာဝတီ ဌာနီကြငှန်း၊ ဇာနည် တင့်ဆန်းကျွန့်
ထကျော၊ သာကီရှင့်နန်းမွန့်ချက်ချာဝယ်၊ လွန့်လျှက်ဖြာ
ဖြာ ရွှေ ရောင် ဝင်း ဝ သုံ မြေ မှို့, အစုံဝေလို့, ဧကုံရွှေမြို့
ဗဟိုထယ်မှာ၊ ကြည်ညိုဘွယ်ရာ လူ, နတ် တွေ့ရဲ့မင်း၊
တောင်ဝှေး, ရေစစ်, ရေသနုပ်တော်ငယ်၊ ဆံတော်
စံချော် ဌာပနာသွင်း၊ မြန်ပေါ် လျှံကျော် ကျော်ညွှာတာသင်း
နှင့်၊ ထေဇာပြောင်ဝင်း ပရမေ၊ သိင်္ဂုတ်တောင်ပေါ်
နေခြည်ဟပ်၊ စေ တီ တော် မြတ် တန်ခိုး ဖြာ လို့ ဝေ၊
နေပြည်တော်ရပ် မြတ်စိန္တေငယ်၊ မာတ်မွေ့မြတ်တွေ
နတ်ပြည့်မြိုးလို့၊ ရပ်ဒေသကျွန်းဦး နိုင်ငံမြန်ပေါ် ထွင်၊
တိဂုံဆံတော်ရှင်၊ ကျိုးရှုယ်ပြီးလတ်, တိုးဖွယ်နီးရပ်,
ကိုးကွယ်ဆည်းကပ် ရည်စိတ်သန်လျှင် ပြည့်နိဗ္ဗာန်ခွင်
ခိုအောင်းစံရလေး......။

ထို့နောက် သားတော်ကလေး လူပျိုသော် ဝင်လာသည့် အထွက်၊ အလွန်ပင်အားထက်ပြီး, ရှေးကထက်အချစ်တော်ပို ကာ၊ ဘယ်ရန်သူမျိုးတို့မှ နှိပ်စက်ညှဉ်းပန်းမှုမရှိနိုင်လေအောင်၊

ဋိဋိအခါးအိကြားမင်းဆက်သထားသည့်၊ကြိမ်စကြာနှင့်စိန်ခက္ကါ သန်လျက်တို့ကိုပါ အစ်နှင်းထားတော်မူလေ၏။

သို့ဖြင့်မင်းနန္ဒာကလေးမှာ၊ လူချစ်လူခင်ပေါများပြီး သွားလေရာရာတွင် မျက်နှာပွင့်လင်း၍ အသက်ပင် ငယ်ပါသော်လည်း၊ တရားဆုံးဖြတ်မှုစသည့်ပွဲနကြီးများတွင် ထိမ္ဘာ ကျွမ်းကျင် လှရကား၊ ဘုရင်မင်းမြတ် အမိန့်မရှိသေးမီပင် မှူးကြီး မတ်ရာသေနာပတိတို့အလိုကျ အတိုင်း၊တရားသူကြီး ရာထူးကို လက်ခံရရှိလေ၏၊

## မင်းနန္ဒာဘွဲ့(၁၀)ခေါ်တေးထပ်

တောင်ကျွန်း သပြေ ကြက်သရေဦးသို့၊ တက်နေ
ကွန့်မြူး ထွက်ကာပြူ၊ စက်ဇွဲ ကျွန်းဦးတက်ဇမ္ဗူဝယ်၊
အဘက်မတူပြိုင်သူကင်း၊တေဇာ ဘုန်းရိုး လွှမ်းမောက်
ဝေတယ်၊လျှမ်းတောက်သရေ တင့်မျိုးစုံတဲ့မင်း။ ရတ
နာမြတ် ထိန်ဓတောက်ဝေဝေ၊ စိန်ကျောက်ထွေထွေဖြိုး
လှိုင်ခြင်း၊ရှိန်မောက်မသွေ စိုးပိုင်နင်းသည့်၊ သတိုးပြိုင်
ကင်း ဤလူ့ပြည်၊ မိန့်ခွန်းအာဏာ မြန်ပြေတွင်းဖြင့်၊လျှံ
ဝေပျံ့သင်းသတင်း ဖြာဝေစီ၊ ကံလေဘန်ဆင်းမင်းနန္ဒာ
မည်ငယ်၊ မယွင်းပါပြီ ဘုန်းတော်ကွန့်လို့၊ နှုန်းသော်
အမွန်နေသို့ဝသုံနယ်၊ ရွှေမြို့ဒဂုန်ဝယ်၊ မယာသမ္ဘတမျိုး
ဆွေလယ်မှာ၊ သဘိုးရွှေနွယ် မြန်နန်းရှင်မို့လေး........။

တနေ့သ၌မင်းနန္ဒာကလေးတို့အိမ်တော်တွင်၊ညစာပွဲတော်များတည်ခင်းစားသောက်ကြ အပြီးတွင်၊ စုဝေးထိုင်နေကြပြီး စကားစမြည်များ ပြောဆိုနေကြခိုက်တွင် အနီးအနား တပိုက်ဆီမှစောင်းသံနှင့်အတူ ရောနှောပြီး လေယူရာသို့ တိမ်းလာသောသီချင်းကလေးမှာ သာတောင့်သာယာ နာပျော်ဘွယ်ရှိသည့်အပြင်၊ အဓိပ္ပါယ်ကလည်းနက်နဲလှပေသည်။

## ရှင်မွေးလွန်းဘွဲ့—ဂဝ—ပေါ်တေးထပ်

မြို့တော်သံလျှင် စိုးပိုင်သသည့်၊ မိုစပ်းထိုင်အာထော့ လင်းဖြာဖြာ၊ သတိုးနိုင် ဘုရင့် မင်းရာဇာမှာ၊ ယမင်း သူဇာ တရွာသား၊ ဘုန်းကံအဝျောက် ကြွားမောက်စ ဖွယ်ပင်၊ ဖွါးမြောက်လေတယ်သွီးတော်ထပါး၊ အသွင် အလှယှဉ်မရ လေကွယ်၊ ဘဝင်ကြွစေ ပင်တိုင်ဘွား၊ မြင်ရ သူ တွေ ဆု ဝေပွါး ဘို့၊ သူလေတပါး ဖွားဘုန်း မယ်၊ အပြစ်ခြောက်ဖြာ ပျောက်ကွာရှင်းလို့၊ ငါးဖြာ ကောင်းခြင်းကြော့ရှင်းမူရာကြွယ်၊ တံမယံမိုစပ်းရပ်နတ် မိမယ်လို၊ တင့်တယ်, ဝင့်ထယ်, သင့်ရွှယ်လေးမှို ချစ်ဖွယ် ရွှေခသွေး ယဉ်လေးယဉ်နိုင်ရန်၊ ခင်လေးပင်တိုင်စံ၊ ရှင် မွေးလွန်းရဲ့ ဘဝကံနှယ်၊ စိမ့်ဖန်ချယ် လွန်ဆန်းပါဘိ လေး___။

သို့ပါသော်လည်းအိပ်ချိန်သို့ ရောက်၍သာ စက်ရာသဋ္ဌာသို့ မြန်ခဲ့ရပေသည်၊ မင်းနန္ဒာကလေးမှာတော့မျက်ထုံးကိုအလျှင်း မှိတ်မရသည့်အပြင်၊ အထိန်းတော်ကြီးပြောပြသည့် ပုံပြင်ထဲ ကဇာတ်မင်းသွီးကလေး ရှင်မွေးလွန်း၏ ကိုယ်ထုံး ကိုယ်ဟန် မျက်နှာအနေအထား, အသွေးအရောင်, အပြောအဆို, အမူတို့ ကိုသာမြင်ယောင်, ထင်ယောင်နေလှသဖြင့်၊ ထိုညအဘို့အိပ် စက်လို့ကိုမပျော်ခဲ့နိုင်ရှာပေ။

သို့နှင့် အရုဏ်ကျင်းလို့ မိုးစင်စင် လင်းခဲ့ပြီ၊ မင်းနန္ဒာက လေးကား ညကအိပ်ရေးမဝသည့်ကတကြောင်း၊ ရှင်မွေးလွန်း ဆိုသည့်နာမည့်ပိုင်ရှင်သူခင်မကလေးကို မြင်လိုလှသည့်ကတ ဖုံ့မို့၊ မျက်နှာမသာ မလွှင်လန်းနိုင်တော့ပေ။

အထိန်းတော်ကြီးသည်မင်းနန္ဒာကလေးဤသို့ဤပုံသောက ပွားနေသည်ကို ကြည့်မနေနိုင် တော့သဖြင့် ဒီလိုချည်းပစ်ထား လို့, တော့မဖြစ်တော့ဘူး၊ တခုခုတော့ ကြံစည်ရုံးမှဘဲလို့, စိတ်

ကူးကာ "အရှင်သားတော်လေး, ဘိုးဘိုး ကြိုးစည့်ပေးပါမယ်၊ သည့်အတွက်တော့ စိတ်လက်မသာ မကြည်ညှဲရှိနေတော်မမူပါနှင့်" ဟု လျှောက်ထားပြီး၊ မြို့ထဲ၌ထိမ္မာသော ကျေးသားကလေးတကောင်ကို ဆောင်းယူကာ ခိုင်းစေလို့ ရနိုင်ရန်ခုနစ်ရက်မျှ ကျွေးမွေးသင်ပြထားလေ၏။

မင်းနန္ဒာသည် အထိန်းတော်ကြီး၏ လျှောက်ထားချက် ကို ကြားသိရသောအခါ၊ အတော် စိတ်သက်သာရာ ရခဲ့သည့် အလျှောက် အထိန်းတော်ကြီးသိမှနောက်ထပ်ကြားရအုံးမည့် သတင်းထူးများကိုမျှော်လင့်စောင့်စားနေခဲ့လေသည်။

အထိန်းတော်ကြီးသည် မိမိမွေးထားသည့် ကျေးသားကလေး ထိမ်မာပါးနပ်လာ လေသော်၊ မင်းသားကလေးအား အကျိုးအကြောင်း ပြောပြသည့် "ကိုယ်တော်လေး ဆံထျင်မြို့ဆိုတာလူသူသွားလာလို့ မပေါက်မရောက်နိုင်ဘူး၊ ရေလမ်းခရီးမှ အလွန်ကြမ်းတမ်းပါတယ်၊ ဒါကြောင့် ရှင်မွေးလွန်းသိပ္ပမစာရေးပြီး အကြောင်းစုံစမ်းရ ကောင်းထိမ့်မယ်၊ သူ့သိကမေတ္တာသက်ဝင်ချစ်ခင်မည့် စာသဝဏ်ကြေပြီးတဲ့နောက်မှကိုယ်တိုင် ကြိုဖန်ပြီးကြွသွားဘို့ သင့်ပါထယ် ကိုယ်တော်လေး"၊

ထိုစကားကိုကြားသိလေသော်၊ မင်းနန္ဒာ ကလေး သည် အတော်အတန် စိတ်အားထက်သန် တော်မူလာသဖြင့်၊ ထိုညတွင်းခြင်းပင်ကြိုးစားအားထုတ်ပြီး တေးထပ်ကလေးတပုဒ်ကို ရေးစပ်ကာ၊ အထပ်ထပ်ပြင်ဆင်ပြီး ကိုယ်တိုင် ချောမောလှပစွာရေးသားကာ၊ အထိန်းတော်ကြီး လက်သို့ အပ်တော်မူလိုက်လေ၏။

### ချစ်ခွင့်ပန်လွှာ

နန်းဝင်တိုင်ဖွေအမြင့်ရယ်က၊ လေအသင့်
လွင့်ရာ၊ ငွေသဇင် ပွင့်ဖြာငယ်၊ ဝင့်ကာသာ
ကြွေမွှေး၊ရှူးချင်ရက် မကူးသာတယ်၊ လူးကာ

သာ ကြည့် လို့ မောင်ငေး မြူးအလွှင့် ဖူးပွင့်
မေကို၊ ထူးတင့်မလေ အို ဝေွး ကျူးရင့်စေ
ချိုတေးနှဲ့၊ အိုပေးသကွဲ့ သည့်စာ၊ သည့်ဈောင်
မှာ မြင်ယောင်လှတာမို့၊ ရှင်အောင်ပပေးပို့
ပြန်ဖွာ၊ နန်းနွယ်ဘွားသစင်ညှာကို၊ အတွင်
သာထက်လှမ်း၍၊ ဖက်ရမ်းဖေ့ ဆွတ်လာပေါ
ငင်၊ ညွတ်ပါတော့ခင်၊ အပင်မြင့်ဇင်ပွင့်ရှင်
ရယ်၊ ရင်ခွင့်ထွင် တင်စမ်းချင်လို့ထေး ........ ။

မင်းနန္ဒာ-ဒုဂန်မြို့တော်။

အထိန်းတော်ကြီးသည့် မင်းနန္ဒာဆိမှ စာဖွာ ကထေးကို ရလေသော်၊ ကြွတ်ကလေးထဲ သို့သောချာစွာရစ်ပတ်ထည့်ပြီး ကျေးသားကလေး၏လည်းပင်းတွင်ဆွဲကာ၊ ကျေးသားကလေး အားပျားရည်ဖြင့် ဆမ်းထားသည့် ပေါက်ပေါက်များကျွေး မွေးပြီး........။

"အမောင် ကျေးသားကလေး မောင်မင်းသည်၊ သည့်မြို့မှ တောင်ဘက်သို့ မြစ်ကြီးကို ဖြတ်သန်းပြီးပျံသန်း သွားလျှင်၊ သံလျှင်မြို့ကို ရောက်လိမ့်မယ်၊ အဲဒီမြို့ရောက်ရင် ကြီးကျယ်ခမ်း နားတဲ့နန်းတော်ကြီးကို မြင်မှာဘဲ၊ အဲဒီနန်းတော်ကြီး၏ အပြေင် ဘက်နားမှာတော့ တပင်တိုင် နန်းပြာသာဒ် တခုရှိတယ်၊ အဲဒီ ပြာသာဒ်ထဲကို မင်းသွားနား ပေတော့၊ အဲဒီနန်း ပြာသာဒ်၏ သခင်မလေးကို ဒီစာဖွာကိုဆက်သရမယ်၊ သူရင်မကလေးက တခုခုပြန်ပေးလိုက်ရင်လဲ ပြန်ပြီးယူခဲ့၊ မင်းပြန်ရောက် တဲ့အခါ ကျတော့ ဆုကောင်းကောင်း ပေးမယ်၊ ကဲ-သွားပေတော့ သားကလေး" ဟုပြောဆိုမှာကြား၍လွှတ်လိုက်ရာ၊ ကျေးသား ကလေးလည်းမဆိုင်းမတွပင် သခင်စေသည့် အတိုင်းပြာသာဒ် ဦးမှ အထောင်ပံခတ်ကာ အာကာဝေဟာင်တွင် လေယာဉ်စီး၍ ပျံသန်းသွားလေတော့သည်။

ကျေးသား ကလေးသည် အထိန်းတော်ကြီး သင်ပြသည့် အတိုင်းပျံသွားခဲ့ရာ၊ ဧဂုန်မြစ်ကို ကျော်လွန်လေသော်-သံလျင် မြို့တော်သို့ရောက်၍ နန်းတော်ကို တွေ့ပါသော်လည်း၊ တပင် တိုင်နန်း ပြာသာဒ်ကို သေသေချာချာ မသိသေးသဖြင့်၊ ထို ပြာသာဒ်ပေါ်တွင်ပင် တလည်လည်ဖြင့်၊ ဝဲကာ,ဝဲကာကြည့်ရှု နေရလေစဉ် —၊

ရှင်မွေးလွန်းကလေးကလည်း ချစ်မည့်သူ မရှိသေးသဖြင့်၊ စိတ်မအေးနိုင်ရှာ၍မြောက်ဘက် လေသာပြူတင်းတွင် ထွက် ပြီး၊ထေနူအေးကလေး၏အသွေး, အမြူ,အချော့,အဆော့, အ နော့,ကလေးများအကြားတွင် အတွေးရေယဉ်ကြောဝ်၌ မျော ကာ မွန်းနစ်နေပါသဖြင့် ညြိုးငယ်နွမ်းလျသည့် အမူအရာဖြင့် ဘိချင်းကလေးကို တအေးအေးဖြင့် ရင့်ကြွေးနေမိ လေသည်၊

## အမျှော်စိုက်—ဒွေးဆစ်

ပန်းသဇင်၊ မန္တမ်းခင် ဘယ်သူဆွတ်ပါ့၊ ပျို့ညွတ်
မယ်လေး........၊တွေးလို့သာ၊ လေးပျို့မှာ နွေစဉ်မောရ
တယ်၊ ပြောပါ့ရွှေကျေး.......၊

ကျေးသား ကလေးသည် သေသေချာချာမသိရ သဖြင့်သာ ဝဲကာ,ဝဲကာ ရှာဖွေနေရသော်လည်း၊ လူတို့ဝေါဟာဘာသာ စကားကို ကောင်းမွန်လည်ပတ်စွာ နားလည်နေသဖြင့်၊ ရှင်မွေး လွန်းကလေး၏ ဒွေးဆစ်ကလေးကို ကြားလျှင် ကြားခြင်းပင် အတပ်သိကာ၊ ပြူတင်းပေါက်သို့ တခါထဲ ဝင်ရောက်နား လိုက်လေတော့၏၊

ရှင်မွေးလွန်းကလေးသည်အတင့်ရဲစွာမြုံးကနဲကြွက်တချွေ တကောင် အဆောင်တော်ထဲ ဝင်လာသည့်ကို မြင်လေသော်၊ အစတွင်အထိတ်တလန့် ဖြစ်မိကာ ဖုံ့အားသင့် သွားသော် လည်း၊ နောက်တွင်မှ ကျေးသား ကလေးကပင် စတင်၍ "မမလေးဘုရား" ဟု ခေါ်ဝင်သဖြင့် အ ကြောက် ပြေ ကာ၊

အလွန်ယဉ်ပါးနေသည့် ကျေးသားကလေးကိုပင် ဖန်းယူကိုင်ထွယ်ဝံ့သည့်အနေသို့ ရောက်လေရာ၊ ပဉ္စမဦးဆုံးပင်ကျေးသားကလေး ထည့်ပင်းမှ ကြုတ်ကလေးကို တွေ့မြင်ရသဖြင့်၊ ဖွင့်ဖေါက်ဘတ်ကြည့်မိသော အခါ အချစ်ပန်းကို ဆွတ်ယှမ်းခူးယူနေထည့် ''စာသွား''ဖြစ်နေသဖြင့် ဝမ်းသာ အား ရ ရှိ ပြီး၊ အခေါက်ခေါက် အခါခါ ပြန်လှန်ဘတ်ကြည့်ချက် သဘောကျစွာဖြင့် အထိန်းတော်ကြီးနှင့် တိုင်ပင်လေ၏။

အထိန်းတော်ကြီးသည်လည်း သခင်မလေး အတွက်ကျညီဝမ်းမြောက်မိကာ၊ မိမိကြားဘူးသည့်အတိုင်း ဇဂုန်မြို့တော်ကိုအစိုးရသည့် ဥက္ကလာပမင်းကြီးတန်ခိုးကြီးကြောင်း, စည်းစိမ်ဥစ္စာ ရတနာဘို့ဖြင့်ပြည့်စုံကြောင်း, မင်းနန္ဒာကလေး ဆိုတာအလွန် ထိမ်မာယဉ် ကျေးဆိမ်မွေ့၍၊ အလွန် ချောမော လှပသဖြင့်၊ ကြည့်ညိုစရာ ကောင်းကြောင်း, အ လွန် သုန်းကြီးကြောင်းများကို အစုံအလင် ပြောပြလေရာ ရှင်မွေးလွန်းကလေးမှာ ဟန်ဆောင်မှုကို ပင်မပြုံနေနိုင်ရှာတော့ဘဲ ခူးဆွတ်မဲ့လူရှိမှဖြင့် ညွှတ်လိုက်ပါတော့မယ် စိတ်ကူးဖြင့် ထေးထပ်ကလေးတပုဒ်ကို ရေးစပ်ပြီး ကြုတ်ထဲထွင် သေ ချာ စွာ ထည့်ကာကျေးသားကလေးအား မှာကြားရင်း, အစားအစာများကျွေးမွေး၍ပြန်လွှတ်လိုက်လေ၏။

ကျေးသားကလေးသည်လည်း သခင့်ကိစ္စကို ဆောင်ရွက်ရမည့်တာဝန်ရှိသည့် အလျောက် ရှင်မွေးလွန်း ကလေးလွှတ်လိုက်သျှင် လွှတ်လိုက်ခြင်း, ဇဂုန်မြို့တော်သို့ပြန်ခဲ့၍ အထိန်းတော်ကြီးထံ ပေးအပ်လေ၏၊ အထိန်းတော်ကြီးသည် ကျေးသားကလေးဆီမှ ကြုတ်ကလေး ကို ဖြုတ် ယူ ကာ၊ မင်းနန္ဒာကလေးထံ အမြန်ဆုံးဆက်သလေ၏။

မင်းနန္ဒာကလေးသည် ကြုတ်ကလေးကို မြင် လေ သော်၊ ''ကြေန်ပြန်သွားပါလာပြီ'' ဟု သော အ ထင် တော် ဖြင့် ဝမ်းမြောက် ဝမ်းသာစွာပင် ဖြေဖွင့်၍ ဘတ်ကြည့်လေသော်......၊

## ချစ်ခွင့်ပြန်လှာ

ခတ်ညွှန့်ဖြာ ပင်အမြင့်၊ သဇင်ပွင့်ငုံအာ၊ ဆင်အသင့်မှု မာလာမှာ၊ တုံကာသာကြွေမွေး၊ ပန်းအပွင့်ဆန်းတင့်မေဝယ်၊ လှမ်းချင့်စေလာလို့ ယဉ်ကျေး၊ ထန်းနိုင်တဲ့ငွမ်းစိုင်လို၊ ပန်းတခိုင်ပြုဖွေး၊ နန်းပင်တိုင်သူလေးမို့၊ မြူသွေးလို့ မောင်တွယ်၊ သဝဏ်ထွာမွန်စွာနှဲ၊ ညွှန်ကာကဲ့ထွတ် လိုက်သူရယ်၊ ပျိုတမွတ်ပိုညွတ်ချင်တယ်၊ အိုး- ဆွတ်သျှင်ကွယ်ကြွေမကျစေဘို့၊ မေအတွေလှမ်း ရစ်စရာပင်၊ ပန်းကလာပ်သာပြင်၊ မနောင်မရန်း နဲ့မောင်သုန်းသခင်ရယ်၊ ရှောင်ပုန်းမှာပင်ပျို စိုးပါလေး........။

ခင်ခင်လွန်း-တညင်ကျွန်း။

မင်းနန္ဒာသည် ရှင်မွေးလွန်းဆီမှပြန်စာလွှာကလေးကိုဘတ် ကြည့်ပြီးသော်၊ အလွန်ကျေနပ်လှသဖြင့် 'ဘယ့်နှယ်လဲဘိုးဘိုး ရဲ့ နှမတော်ကလေးရဲ့ နာမည်က ခင်လွန်းလို့ဆိုပါကလား၊ ထယ်လဲ ကဗျာဆန်ပြီး ချစ်စရာကောင်း လိုက်တာနော်၊ ဒါနဲ့ ဘယ်လိုထုင်ပြီး သူ့ဆီကို သွားတွေ့ရမှာလဲ၊ အကြံဥာဏ်က လေးများပေးပါအုံးဗျ'' ဟု ပြုံးရွှင်စွာ အထိန်းတော်ကြီးအား မေးနေလေသည်။

ထိုအခါအထိန်းတော်ကြီးမှာ မနေသာတော့ဘဲ မင်းသား ကလေးကို အလွန်ချစ်ခင်သည့်အလျောက်၊ ''နားဆင်ပါကိုယ် တော်လေး-ကိုယ်တော်လေးမှာ ကြံစကြံ အရှိသားကာဘဲ၊ မြစ်ဆိပ်ဆင်းပြီး တချက်လောက် ဝင့်ခေါ်တော်မူ လိုက်ရင်၊ ဘယ်သတ္တဝါတို့မှ မခံနိုင်ဘဲ အကုန် ဆလံတိုက်ပြီး ကိုယ် တော်လေးခြေရင်း ခေါင်းပိုက်စိုတ် ရောက်လာရမှာပေါ့၊

ဆဲဒီတော့မှ အခင်မတန်တန်ခိုးကြီးပေ့ဆိုတဲ့ ငမိုးရိပ်မိကျောင်း ကိုခေါ်ပြီး၊ ငါ့ပဲ့ကိုကက်ကမ်း ပို့စမ်းလို့ အမိန့်ပေးလိုက်ရုံနဲ့ တညွှင်ကျွန်းက ခင်လွန်းလေးထံ ရောက်နိုင်ပါတယ်ဘုရား” ဟုသံတော်ဦးတင်လိုက်လေရာ ။

မင်းနန္ဒာကလေးသည် အလွန်သဘောတော် ကျသွားပြီး နောက်တနေ့အလုပ်ဝတ္တရားအားလပ်သည့်အချိန်တွင် သံလျင် သို့သွားရန် ဆုံးဖြတ်တော်မူကာ၊ အထိန်း တော် ကြီး အား မည်သူ့ကိုမျှမသိစေရန်နှုတ်ပိတ်၍ ထွက်လိုက်လေ၏။

နောက်တနေ့ မိုးသောက် အရုဏ် ရောက်သော အခါ၊ မင်းနန္ဒာကလေးသည်၊ ရေမိုးချိုးပြီး ချပ်မိန်ညှိဝတ်စားတန်း ဆာများကို သေသေချာချာ အချိုးကျစွာ ဝတ်စားဆင်ယင် လျက် ကြိမ်စကြာနှင့် သန်လျက်တော်များကို လက်စွဲ၍ တခါ တည်း မြစ်ဆိပ်ကမ်းစပ်သို့ ဆင်းသက်ကာ၊ ကြိမ်စကြာကို ဝင့်လျက်.......။

> တာဝတိံသာ နတ်တို့ရွာ၊ ဒေဝါမှန်သောက်၊
> အထက်မိုးပင်ဖျား၊ဘိုးသိကြား ၏၊ဝင့်ကြွားရှိန်တောက်
> ဟုတဲ့၊ သည်ကြိမ်စကြာ မြှောက်လိုက်မယ် ငမိုး ရိပ်
> ရောက်စေ့ထဟာယ် ...။

ဟု ကြိမ်းမောင်း ခေါ် တော်မူလိုက်လေရာ၊ ငမိုးရိပ်ခမျာ ရေမှာခဏ မနေသာရှာသဖြင့်၊ ဘွားကနဲ အတင်း-ထွားကတဲ ချဉ်းလာရရှာလေ၏။

ထိုအခါတွင်မှမင်းနန္ဒာသည်“ဟဲ့-ငမိုးရိပ်, ငါကိုယ်တော် မြတ်ကို တညွှင်ဘက်ကမ်းသို့ ပို့စမ်းဗျား” ဟု အမိန့်ပေးကာ သန်လျက်တော်စွဲပြီးစီးနင်းလိုက်ပါသွား၍ သံလျင်မြို့တော်သို့ ရောက်စေလျှင် ငမိုးရိပ်ကိုပြန်လွှတ်လိုက်ကာ တကိုယ်တော် တည်းခြေလျင် ခရီးဖြင့် တပင်တိုင်နန်း ပြာသာဒ်ရှိရာသို့ ခပ် မြန်မြန်ထွက်ခွါသွားလေ၏။

ရှင်မွေးလွန်းကလေးသည်လည်း အဖွားတော် ပြန်စာရေးပြီးကတဲကမောင်တော် မင်းနန္ဒာတော့ အမြန်သာဆက်ဆက်ကြီးလာရမည်ဟု တွက်ကိန်းချပြီး၊ မြောက်ဘက် ထေသာပြူတင်းဝမှာချည်းထွက်ကာ ပြူကာမျှော်တော်ဇောနှင့် မောနေလေ့ရှိလေရာ၊အတော်ဝေးဝေးမှပင် မင်းနန္ဒာ လာနေသည်ကိုမြင်လေသော်၊ တကြိမ်တခါမျှပင် မမြင်စဘူးသေးသော်လည်းကြားဘူးသည့် သတင်းစကားတွေကြောင့်၊ အချစ်ပန်းကိုဆွတ်လှမ်းခူးယူမည့်မောင်တော်မှန်း အတပ်သိကာ၊ အထိန်းတော်ကြီးနှင့်အတူပင်၊ ပင်တိုင်တော် ပြာသာဒ်ပေါ်မှဆင်း ပြီးမင်းနန္ဒာကို ခရီးဦးကြိုဆိုနေနှင့်ပေသည်။

မင်းနန္ဒာသည်လည်း ပင်တိုင်နန်းပြာသာဒ်ဆီသို့ ရှေးရှုထွက်ခွါလာခဲ့ရာ နန်းဆောင်ထံခါးဝသို့ ရောက်လျှင် ရောက်ခြင်းမေးမြန်းနေတော်မမူရဘဲ အဆင်သင့်ကြိုဆိုနေသည့် ရှင်လွန်းကလေးကိုတွေ့ရလေသော်၊ ရှေးရှေးကသိဘူး,ကျွမ်းဘူး, ချစ်ခင်ဘူးသည့်အချစ်ဦးတယောက်ပမာ၊ ချောင်ပြေပြစ်စွာ နှုတ်ခွန်းဆက်သပြီး ခင်လွန်းလေး ကမ်းလှမ်းသည့် လက်ဖဝါးနုနုကလေးကို ကိုယ့်လက်နဲ့ပြန်လှန်ထွေးနွေးစေပြီး၊ ခေါ် ဆောင်ရာသို့သာ လိုက်သွားရရှာလေ၏။

အထိန်းတော်ကြီးတို့ သည်လည်း သခင်မလေး အတွက်ရှက်နေတော်မူမည်စိုးသဖြင့်၊အပေါ် ဆောင်သို့လိုက်ပါမသွားကြတော့ဘဲ၊ အချိန်တန်စားတော်ပွဲဆက်သည်မှတပါး၊ အမြင်ပင် မခံနိုင်ကြသကဲ့သို့၊ ကိုယ့်အိပ်ရာခန်းဆောင်တွင် ကိုယ်စီဝင်၍နေကြလေ၏။

နန်းပြာသာဒ်အပေါ် ဆုံးအထပ်သို့ရောက်ကြလျှင်၊ခင်လွန်းကလေးသည် သူ့မောင်တော်အား မြသလွန်ပေါ် တွင်ထိုင်ပါရန် ညွှန်ပြပြီး၊ မိမိကမူ သလွန်တော်အောက် ကော်ဇောပေါ်

တွင်ထိုင်ကာ- ရှိသောစွာလက်ကလေးနှစ်ရုံကို ပေးအပ်၍ နှုတ်ခွန်းတော်မပာဘဲ"ချစ်ချင်တိုင်းချစ်ပါတော့"ဟူသည့်သဘောဖြင့် ချစ်ထမ်းစကို ညွှန်ပြနေပေတော့သည်။

မင်းနန္ဒာသည်လည်း အမူအရာကိုမြင်သဖြင့်၊ အလိုလိုအိမ်ရှိတော်မူကာ၊ ခင်လွန်းကလေး၏လက်ကလေးကို အသာအယာဆုပ်ကိုင်နမ်းရှုံ့ပြီး စထင်၍ချစ်မိုးရွာနေကြလေတော့သည်။

သို့ဖြင့်-မင်းနန္ဒာနှင့် ရှင်မွေးလွန်းတို့၏အချစ်သည်အစပျိုးခဲ့လေပြီ၊ "ရွှေမေတ္တာပျိုးမိက - မိုးယံတမူစွမ်းသန်" ဟူသည့်တေးသွားကလေး အတိုင်းပင် မင်းနန္ဒာကလေး အချိန်တန်၍ဒဂုန်မြို့တော်သို့ ပြန် လည် ခဲ့ရ လေ ရာ ချစ် သူနှစ်ဦးတို့အပြန်အလှန် အောက်မေ့ လွမ်းဆွတ်နေကြရပေသည်။

မင်းနန္ဒာသည် အချစ်ဦးကလေးထံ အောက်မေ့ လွမ်းဆွတ်လှသဖြင့်၊ အလွန်ပင် သွားလိုလှသော်လည်း အလုပ်တာဝန်တွေမအားမလပ်ရှိနေသဖြင့်၊ ခင်လွန်းထံသို့စိတ်သာရောက်၍လူကိုယ်တိုင်ကားမရောက်ရှာနိုင်ပေ။

နောက်ထနေ့တွင် ရှင်မွေးလွန်းကလေးသည်လည်း ချစ်ဦးမောင်မပေါ်လာသဖြင့် မျှော်ရှာရသည့်အတွက် လည်ပင်းကိုရှည်မတတ် လွမ်းဆွတ်ကြောင်း ဘိချင်းဆိုရသည်မှာလည်းအသံဝင်မတတ်ရှိနေစဉ်.......။

မင်းနန္ဒာသည် အလုပ်အားလပ်သောထနေ့တွင် ငမိုးရိပ်အကူအညီဖြင့် ပင်အချစ်ဦးကလေးကို အောက်မေ့လွန်းသဖြင့်သံလျင်ဘက်သို့ကူးခဲ့လေရာ ခင်လွန်းကလေးကလည်း မျှော်နေဆဲမို့ အ ဆင် သင့် ပင် တွေ့ ဆုံ ကြကာ ချစ်မိုးယံရွာနိုင်ကြပြန်ပေ၏။

သို့ဖြင့်-မင်းနန္ဒာနှင့် ရှင်မွေးလွန်းတို့ အချစ်ပန်းသည် လန်းလန်း ဖွင့်ဖွင့် အစွမ်းကုန် ပွင့်နေတော့လေ၏။ သို့သော်လည်းမင်းနန္ဒာကလေးမှာ ညအိပ်၍ပင် မနေနိုင်သဖြင့် ညနေစောင်း

သေသော် ခင်လွန်းကလေးကို ချော့မော့ဖျောင်းဖျပြီး ဒဂုန်မြို့တော်သို့ ပြန်ခဲ့လေ၏၊ ရှင်မွေးလွန်းသည်လည်း ချစ်သူသက်ထား မင်းနန္ဒာအား မကြာမကြာလာခဲ့ဘို့အကြောင်း မှာထားရင်း မလွှဲသာလွှဲသာရှိ နှစ်ဦးသဘောမတူကြဘဲ ခွဲခွါကြရပြန်လေ၏၊

ဥက္ကလာပမင်းကြီးသည် သားတော်ဆံထျင်ဘက်ကို တိတ်တဆိတ်သွားကြောင်း သတင်းရနေလေသော် ...... အလွန်စိုးရိမ်မှုပင်လှသဖြင့် နောက်တနေ့ညီလာခံသဘင်၌ မှူးမတ်ပရိသတ် စုံလင်၍ တိုင်းရေးပြည်ရာတို့ကို စည်းဝေးတိုင်ပင်ပြီး အဆုံးတွင်........၊

ဥက္ကလာပမင်းကြီး၊ ၊တိတ်တဆိတ် ဖေါ်မပါ၊ မဘော် တာလွန်ကျူး သံထျင်ကို တယောက်ထဲကူးတယ်လို့ ကြားသိတော်မူတာ မှန်ပါသလား၊ သားတော်မောင်၊

မင်းနန္ဒာ၊ ၊မှန်လှပါ၊ ဆုန်းတော်ကြောင့် အမျက်တော် ရှရင်လဲ သားတော်မောင် ခံရတို့ရှိပါတော့တယ်၊ ဆံထျင်ကို အမှန်ပင်သွားမိကြောင်းပါဘုရား၊

ဥက္ကလာပမင်းကြီး၊ ၊ကောင်းပြီ သားတော်မောင်၊ တကြိမ်တခါမျှ အပြစ်ယူတော်မမူသေးဘူး၊ နောင်အခါ မသွားနိုင်အောင်တော့ ကြိမ်စကြာကို ပြန်လည် ထိမ်းပိတ်တော်မူမည်၊

မင်းနန္ဒာ၊ ၊မှန်လှပါ၊ ဗျာဒိတ်တော်သံကို နာခံပါမည် ဘုရား၊

သို့ဖြင့်ညီလာခံသဘင်ပြီးသေသော်မင်းနန္ဒာမှာကြိမ်စကြာ မရှိတော့သဖြင့် အားငယ်တော်မူကာ ခင်လွန်းကလေးအထံ ရောက်နိုင်ရန် အကြောင်းမမြင်သဖြင့် စိတ်မကောင်းဖြစ်ကာ ညနေစာ ပွဲတော်ကိုပင် မတည်နိုင်ရှာဘဲ စက်ရာတော်သို့သာ ဝင်သွားရှာလေ၏၊

အထိန်းတော်ကြီးတို့ သည်လည်း သုရင်မင်းမြတ်၏ အမိန့်တော်မှိ ဘယ်လိုမှမလွန်ဆန်ဝံ့ကြတော့ဘဲမင်းနန္ဒာကလေးကို သနားလှသော်လည်း ချော့မော့ဖျောင်းဖျပြီး အစားအစာများကို မစားချင်စားချင်အောင် ကျွေးမွေးပြုစုရုံမျှဖြင့်သာ နှစ်သိမ့်စေကြရရှာလေ၏။

မင်းနန္ဒာကလေးသည် အကြီအစည်မအောင်မြင်မီ အဖျက်အဆီးခံရသဖြင့် အလွန်မြတ်နိုးချစ်ခင်လှသည့် မျက်ရှင်မှည့်ရွှန်းခင်ခင်လွန်းကလေးအတွက် ရထက်ပူဆွေး, စိတ်လက်မအေးနိုင်ရှာဘဲ "ငါ့ကိုတကုသိုလ်ဆိုးလှပါတယ်၊ ထကယ်အားကိုးရတဲ့ ကြိမ်စကြာမှ မရှိတော့ဘဲနဲ့- ဘယ်သွားနိုင်တော့မှာလဲ၊ ခမည်းတော်ကဖြင့် သားတော် ဘယ်လိုဖြစ်နေတယ်ဆိုတာ သိတော်မူရှာမယ်မဟုတ်ဘူးနော်" ဟု ညည်းညူရင်းပင် ဝမ်းနည်းကြေကွဲ ငိုပွဲဆင်မိရှာလေ၏။

## ငိုချင်း—ဒွေးချိုး

နှိမ်ချက်ကယ်နာပါတယ်၊ ကြိမ်စကြာ ပြန်လို့သိမ်း
တာကြောင့်၊ ပွေကိန်းကိုတပေမြင်လို့၊ဆင်ခြင်နိုင်ဘူး။
မွေးဘခင်ရယ်၊ တွေးဆပင်ကြီကာရှုယ်လို့ အန္တရာယ်
ရန်ဆွယ်များထာနဲ့၊သားမောင်ကို မသွားအောင်တား
ရော့လား၊ (အမယ်မင်း) သွားဝံ့လွန်ကျူး။

"အို-နှမတော်လေး၏- မင်း ကတော့ အ ထင် နော် လွဲ ပြီး အကြွင်တော်နဲ့ပြီလို့ အောက်မေ့မှာပေါ့။ အမယ်မင်း မောင်တော့်မှာတော့ မချိတော့ဘူးကွယ်။ ခုအချိန်မရောက်လာနိုင်သေးပေမဲ့၊ စိတ်ကတော့ မင်းကလေးဆီမှာချည်းပါဘဲကွယ်၊ ခုဘဝမနီးကြရပေမဲ့၊ နောင်သံသရာအဆက်ဆက် ထျောက်ပြီး နိဗ္ဗာန်ရောက်အောင်ပေါင်းချင်ရို ဆုတောင်းနေရက်ပါကွယ်၊ အမယ်မင်း မင်းလေးတပေါက်တော့ မြင်စေချင်လှပါတယ် မောင်တော် ဘယ်လိုလွမ်းလို့ ဘယ်လို တမ်းတနေတယ်ဆို

တာ, ဘယ်လိုဆိုဆိုပြီး ဘယ်လိုငိုငိုနေရတယ်ဆိုတာ၊ အမယ်လေးမြင်လှဲ့ပါအုံး ချစ်စ, ခင်စ,နှမတော်လေးရဲ့၊ အမယ်မင်းမောင်တော် ဝန်ကကြီးလှ ဘယ် မကာယ်နိုင်တော့ပြီလား ဒေဝါသိကြွားနတ်အများတို့ရယ်''ဟု တတွတ်တွတ်ဆိုကာ-ကြေကွဲဝမ်းနည်းပြီး ငိုကြွေးနေရရှာလေ၏။

## ငိုချင်း—တေးထပ်

အပူတွေဆူဝေဝေ့၊ မြူဆင့ငွေသွမ်းတယ် ပူသရွေ့နွမ်းနယ်ပြီ၊ကျွမ်းသေဘွယ်ထင်တော့၊တရက်မှမသက်သာတယ်၊ ရတက်ဖြာ ဆွေးရပါပေါ့၊ ခင့်အတွက်ပင့်သက်ဟာကို၊ အင့်ထွက်သာအိုရှော့၊ ဆင့်တက်ကာကိုယ်တော်ဖြင့်၊ ငိုရပေါ့ရက်စဉ်၊ ဆွေမဒီငွေခညီဥ၊သွေပြီသုမိဠာန်အတင်၊ နေပြည်စု နီဗ္ဗာန်ဝင်မယ်၊တိတ်ကံပင် အိုဝေးတော့၊ ပျိုလေးကြော့ ခွဲမရပါကွယ်၊သဲမြည့္ဍာရံယ်၊ တနေ့မှ မမေ့တယ်နော်၊ ထဝေ့လယ်လယ် အိုလွမ်းပါဘိလေး ....။

ရှင်မွေးလွန်းကလေးသည် လည်းချစ်ဦးပန်း မောင်တော်ပေါ်မလာသည့်မှာ တပတ်မှ နှစ်ပတ်သို့ ရောက်လေသော်အကြောင်းရင်းဇာစ်မြစ်ကို မသိရသဖြင့် အမျိုးမျိုးတွေးတောကာ စိုးရိမ်ပူဆွေးနေရရှာလေ၏။

အော်-မောင်တော်သုရားအသစ်ကိုတွေ့လို့ ငါ့ကိုဘဲမေ့နေပြီလား၊ပျားပိတုန်းများစားသုံးလို့ဝတဲ့အခါလိုငါ့ဆီက သူလိုတာ ခသွားတာနဲ့ မေ့များနေပြီလား၊ အင်မတန်သိပ်ပြီးပျော်စရာကောင်းတဲ့ ဇဂုန်မြို့ဆိုတဲ့ မေ့ပင်ကြီးအောက် ရောက်သွားလို့မေ့ဘဲနေရော့သလား၊ ဟယ် ငါ့မှာလဲဒီမောင်တော်တပါးအတွက် စိတ်ထက်တွေမအေးရပါကလားနော်။

ဒီလိုမှမဟုတ်ရင်လဲ နေထိုင်လို့မကောင်းလို့ဘဲလား။ဘယ်လို ဘယ်အကြောင်းမှလဲ မသိရ၊ မောင့်ခ မည့်းတော် ကဘဲ ဝိတ်ပင်ဘားမြစ်ထားလို့ဘဲလား၊ဒို့ကံကလဲ ထယ်လဲနဲ့ လှာသကို၊ စသည့်ဖြင့်အမျိုးမျိုးတွေးတောကာ ဝမ်းနည်းကြေကွဲမိသဖြင့် ငိုပွဲသာဆင်နေရရှာလေ၏။

အထိန်းတော်ကြီးဆည်လည်း မင်းသွီးကလေး တမှိုင်မှိုင် တတွေတွေနှင့်မကြည်မသာပွဲတော်မှ ကောင်းကောင်းမတည် နိုင်ရှာဘဲ လွမ်းနာကျနေသည်ကို မကြည့်နိုင်ရှာသဖြင့် မင်းသွီး ကလေးအနား၌ တကာဝ်ကာဝ်ဖြင့် အကျိုးအကြောင်း ပြောဆိုရ၍ ချော့မော့နေရရှာပေသည်။

သွီးလေးရယ် ကိုယ်တော်လေးမင်းနန္ဒာဟာလဲသွေးနဲ့ကိုယ် သားနဲ့ကိုယ်မို့ ဖျား နာ လဲ နေ နိုင် ပါ ထယ်၊ ဒါကြောင့် မျှား သွီးလေးဆီ မလာနိုင်တာများလားမှ မဆိုနိုင်တာ၊ တနေ့တော့ ရောက်လာမှာပေါ့၊သွီးလေး-သိပ်ပြီးစိတ်ပူမနေပါနဲ့ကိုယ့်ကိုယ် ကိုလဲ ဂျုန်း မာ အောင်စောင့်ရှောက်တော်မူပါ၊ တော်တော် ကြာ ခမည်းတော်ကြွားသိမှဖြင့် ပိုပြီးဒုက္ခရောက်နေပါဦးမယ် သွီးတော်လေးရယ်။

သို့ပင် အမျိုးမျိုးအဖြာဖြာ ဖျောင်းဖျ ချော့မော့ ပါသော် လည်း ရှင်မွေးလွန်းကလေးမှာ အပူမသက်သာသည့် အပြင် ဆွပေးသည့်ပမာ ပိုမိုဝမ်းနည်းလာသဖြင့် အဖြိုင်ဖြိုင်ကျလာ သည့် မျက်ရည်စတွေကို အနိုင်နိုင် သုတ်ကာသုတ်ကာ ငိုကြွေး ရရှာလေ၏။

မ ဟုတ် ဘူး မေမေ ထွီးလေး ဖြင့်ဘယ်လိုမှ စိတ်ကိုဖြေလို့ မရဘူး၊တနေ့လဲမောင်တော့်စိတ်နဲ့ကြိတ်ကြိတ်သာဆွေးရလို့ သောကအပူဖြင့် အေးကိုအေးတော့မယ် မထင်တော့ပါဘူး၊ ဒို့မြင်လှဲ့စမ်းပါဦးမောင်ဘုရားရယ်.......။

## အလွမ်းဘွဲ့-လေးဆစ်

လွမ်း တယ် တဲ့လွမ်းတယ်၊ မောင့်တိုင်းပြည်ဌာနီ
လမ်းကို၊ တမ်းတလို့ကွယ်၊ မှန်းဆရှုယ် နွမ်းနယ်ပေါ့
သည့်မယ်လေး၊ ပင် တိုင် နန်း ဆိ သို့၊ မောင်လှမ်းကာ
ဒိုမလာလို့၊ သည်ပျို့မှာ သဲဖိုလို့ကျွမ်းရတယ်၊ (ချစ်တဲ့
မောင်ရယ်) လွမ်းလှပူဆွေး —၊

တနေ့တော့ ရောက်လာမှာပေါ့ သွေးလေးရယ်၊ ဟောဒီ ပွဲတော်လေး အရသာရှိသလောက် သုံးဆောင်ကြည့်ပါအုံး၊ မင်းနန္ဒာအတွက် မေမေလဲကူညီပြီး ကြိုးစည်ပေးပါအုံးမယ်၊ ဆိပ်ပြီးပူလဲမနေပါနဲ့သွေးလေးရယ်၊ ဤသို့ပင်အထိန်းတော်ကြီး ကချော့မော့ ဖျောင့်ဖျပါသော်လည်း ရှင်စွမ်းလွန်းကလေး မှာ......ဆွေးစိတ်တွေမပြေ, လွမ်းစိတ်တွေတဝေဝေဖြင့် မနေ နိုင်,မထိုင်နိုင်, တငိုင်ငိုင်တအုံနွေးနွေးဖြင့်ငိုကြွေး၍သာ နေရ ရှာလေ၏၊

ခက်တယ်မေမေရယ်၊ မောင်တော်မကြွလာထာကြီးကျယ် တဲ့ ရောဂါဝေဒနာတွေဘဲရနေလို့လား၊ ရေလယ်ကြောမှာ အန္တရာယ်တွေနဲ့ဘဲ တွေ့ကြုံနေလို့လား၊ ဘယ်လိုမှန်းမသိရလို့ မချိလှသည့် အရေးကြောင့်၊ စိတ်တော်ပူဆွေးမိတယ်မေမေ ရဲ့......၊

## ငိုချင်း-စွဲချီး

အပြစ်ရယ်ပုံ၊ အချစ်ကုန် မောင် တော် မိမ်းသ မှို၊
တိမ်းတို့ကိုအရှေ့ရှုယ်လို့၊ သွေ့ဖယ်တာလား၊ ကံမတူ
သလေ၊ ရန်သူတွေ နှိပ်စက်ညှဉ်းတာမှို၊ မြစ်တွင်းမှာ
ဗျာပါပွေ့လို့၊ မလာနေ ကြာ ရှေ ဝေး တော့မှာလား၊
(မောင်တော်ရယ်) တွေးမရအပူပွါးပါဘိ (အမယ်
လေး) ဆွေးရသူပါဘုရား......၊

ထိုအချိန်တွင် မလက်တိုသည် လည်း ငမိုးရိပ်အပေါ် အခဲမကြေ လက်စားချေလိုသဖြင့် အမြဲတန်း အငိုက်ကိုချောင်း မြောင်းနေခဲ့ရာ၊ ယခုအခါတွင် တိန်ပင်စောင့်နတ်၏ အကြီပေး ချက်ဖြင့် လူ ယောင် ဟန် ဆောင် ပြီး ရှင် မွေး လွန်း က လေး နန်းပြာဆာဒ်သို့ သွားကာ မိမိအား ဘောဂသေ န မင်းကြီးက သို့းတော်ကလေးအားပြုစုလုပ်ကျွေးရန် ခန့်အပ်လိုက်ကြောင်း ယုံကြည်လောက်အောင် လှည့်ပတ် ချောက်ထား သဖြင့်တော်ဦး ထင်၍ ရှင်မွေးလွန်းကလေးထံ အခြွေအရံ အပျိုတော်အဖြစ် ခ,စားနေလေ၏။

ရှင်မွေးလွန်းသည်လည်း ခမည်းတော်ကခန့်အပ်ပေးသနား လိုက်သည့်အခြွေအရံတဦးဟုသာ ယုံကြည်စွာခိုင်းစေကာ နေ တော်မူလေရာ၊ မလက်တိုသည်လည်း အကြံနှင့်လာနေသူဖြစ် သဖြင့် သူများတွေထက်ပိုမိုကာ သည်းခံ ပြီး ဘာအလုပ်ကိုမှ မရှောင် ကြိုးစားကာ သိမ်းကျုံးပြုလုပ်ပေးနေရှာလေ၏။

ရှင်မွေးလွန်းကလေးကလည်းယုံကြည်,မလက်တိုကလည်း ဟန်ဆောင်၍ မရိုမကစ်ဘဲပြုလုပ်ပေးနှင့် ရက်များမကြာမီပင် နှစ်ဦးစလုံးမှာ အလွန်ခင်မင်သည့် ကျွန် အ ရှင် အ ရင်း ပ မာ အတိုင်အဖေါက်ညီနေကြလေ၏။ မလက်တိုသည် အခါကို အမြဲကြည့်နေလေရာ၊ ရှင်မွေးလွန်းကလေးစိတ်မကောင်းဖြစ် နေမှန်းသိတဲ့အခါအစွမ်းကုန်ချော့ခမာ့၍၊အမျိုးမျိုးအန္တ အတာ ခံပြီး၊ နောက်ဆုံး ရှင်မွေးလွန်းကလေးစိတ်နဲနဲကောင်းနေသည့် အချိန်တွင် ''မမရယ်-မောင်တော် မင်းနန္ဒာဟာတော့ ဘုန်း ကြီးတဲ့မင်းတပါးမို့ ဘယ်တော့မှ သူတပါးရဲ့ရန်သူတော့ မရှိ နိုင်ဘူး၊ ခမည်းတော် အတွက် သဘောတော်မကျအခွင့်မရလို့ သာ မလာတာဖြစ်ရမှာပါသုရာ့၊ မကြာခင်ဘဲကြွလာပါထိမ့် မယ်၊ စောင့်မျှော်သာနေတော်မူပါသခင်မလေး။ အင်း-ဒါနဲ့ တခုချောက်ရအုံးမယ်မမလေးသုရား၊ မောင်တော်များလာရင်

လေ၊ နောက်သခါမလာဘဲမနေနိုင်အောင်၊ ဗီး - တခါထဲလဲ စိတ်ချရအောင်နဲ့ သခင်မလေးကို တကယ်ချစ်တော်မူကြောင်း လဲ သိရအောင်၊မောင်ဘုရားရဲ့ ညာလက်မောင်းပေါ်မှာခေါင်း အုံးအိပ်ပါရစေလို့ အခွင့်ပန်ကြည့်ပါလား သခင်မလေးရဲ့”။

သခင်မလေးရှင်မွေးလွန်းကား-ယောကျ်ားရဲ့ ညာလက်ရုံး ပေါ်မှာ-မိန်းမသားက ခေါင်းအုံးလျှင် ယောကျ်ားဖြစ်သူမှာ သုန်းကံပျက်ပြုန်း ဆုံးရှုံးရတတ်သည်ဟူသည့် စကားကို မသိခဲ့ ဘူးပါပေ၊ တကယ်ပင်အဟုတ်ချစ်သူမှ ခွင့်ပြုနိုင်သည်ဟု မှတ် ထင်သဖြင့် မလက်တို့ ပြောစကားကို အလွန်စိတ်ဝင်စားကာ မောင်သော်လာရင်တော့ နွဲ့ဆိုးကလေးဆိုးပြီး ပူဆာလိုက်အုံး မယ်ဟုသာ တွေးတောပြီး မင်းနန္ဒာအလာကိုသာ စောင့်မျှော် နေရှာလေ၏။

မင်းနန္ဒာသည်ကြိမ်စကြာမရှိတော့သဖြင့်သံလျှင်ကိုမသွား နိုင်ဖြစ်ကာချစ်သူကလေးကို လွမ်းလှာပြီးနေရသဖြင့်တကိုယ်ထုံး ပိန်ချုံးပြီး လူလုံးမလှအောင် အပူလုံးကြွ၍ ဒုက္ခဝေဒနာခံစား နေရသည့် အဘုတ္တ သေထာကပင် ကောင်းပေထိမ့် မည် ဟု ဆုံးဖြတ်ကာ တပါးတည်းတည်း သန်လျက်ကိုစွဲ၍ မြစ်ဆိပ် သက်သို့ဆင်းခဲ့လေ၏။

ငမိုးရိပ်သည်လည်းအဆင်သင့်ပင်ကျောက်ဆောင်ခအောက် မှ အစောရှာပြီးရေပေါ် သို့ပေါ်လာရာ၊ မင်းနန္ဒာကိုမြင်သဖြင့် ကြောက်လန့်ရှိသေစွာ ကမ်းစပ်သို့ ကပ်လာလေ၏၊ မင်းနန္ဒာ သည် ငမိုးရိပ်ကိုမြင်ရလျှင် အလွန်ဝမ်းသာတော် မူလှသဖြင့်၊ ထညင်သို့ပို့ရန် စေခိုင်းပြီးငမိုးရိပ်ကိုစီးနင်းလိုက်ပါခဲ့လေ၏။ လမ်းခရီးတွင်လည်း ဘာမျှအနှောင့်အရှက်မရှိဘဲဆိပ်ကမ်းသို့ ရောက်လျှင် ငမိုးရိပ်ကိုထားခဲ့၍ တပါးတည်းပင် ပင်တိုင် နန်းဆီသို့ ရှေ့ရှု ထွက်ခွါကြွသွားလေ၏။

ရှင်မွေးလွန်း သည့်ထည်း မောင်သော်အတွက် ရတတ် မမေ့နိုင်ရှာဘဲ နွေစဉ်ပင် လေသာပြူတင်းမှ စောင့်မျှော်နေလေရာ၊ အဆင်သင့်ပင် မင်းနန္ဒာကိုမြင်သဖြင့် ဗျူဗျူငှါငှါ ခရီးဦး ကြိုဆိုပြီး ရှေးဟောင်း နောက်ဖြစ်များကိုပြောဆိုကာ အတိုးချပြီး အချစ်ခရီးတွင် ချစ်လှေယဉ် စီးနေကြသည်မှာ ပျော်တပြုံးပြုံး မော်မဆုံးနိုင်ကြတော့ပေ၊

မလက်တိုသည့်ကား မင်းနန္ဒာရောက်မှန်းသိလျှင် မပေါ်ခင် မလည့်ဖြင့် မြစ်ထဲသို့ဆင်းကာ မိကျောင်းအသွင်ဖြင့် အဖော်များရှိရာသို့ပြန်သွားပြီး အင်အားစုရုံး၍ မင်းနန္ဒာအပြန်ကိုသာ စောင့်ကြိုနေတော့လေ၏၊

မင်းနန္ဒာနှင့်ရှင်မွေးလွန်းတို့သည် လည်းနှစ်ပေါက်ထဲရယ် ဟူသည့်အသိဖြင့် သလွန်ညရတည်းပေါ်တွင်ကျန်ရစ်ခဲ့သည့် နေ့ရက်တွေအစား အချစ်ကြွေးကို ကုန်စင်အောင်ပေးဆပ်နေကြသည့်သဘောဖြင့် အိစက်ညက်ညောသည့် ပဲမွေ့ရာပေါ်တွင် ချစ်ဘလင်းအဖြစ်, ချစ်ဗျူဟာခင်းနေကြသည်မှာ အစတွင် အိုဟင်, အပေါင့်သံတွေနှင့် ဆူညံနေသလောက် နောက်ပိုင်းတွင် ချစ်တင်းနှောသံတွေ ဆိတ်ပြီး ငြိမ်သက်သွား ကြလေ၏၊

ထို့နောက်တွင်ကား ရှင်မွေးလွန်းကပင် စတင်၍ "မောင်ဘုရား, ဟောဒီနှမလေးကို တကယ်ပင် နှစ်နှစ်ကားကား ချစ်တော်မူပါရဲ့လား" ဟု မေးမြန်းသံထွက်ပေါ်လာပြီးနောက် မင်းနန္ဒာ၏ အချစ်ထုံဆိုင်ခတ်နှိပ်သံကလေး ခပ်ရေးရေး ထွက်ပေါ်လာကာ ရှင်မွေးလွန်းကပင် "ဒါဖြင့်မောင်ဘုရား; မောင်တော်ရဲ့ညာလက်ရုံးပေါ်မှာ နှမလေးကို အိပ်ခွင့်ပြုပါနော်" ဟူသည့် တောင်းပန်သံကလေး ခင်ရွှဲ့ရွှဲ့ အပြီးမှာ မင်းနန္ဒာက ပဌမသော် သဘောမတူနိုင်ဘဲဖြင့် ရှင်မွေးလွန်းမျက်နှာကို ကြည့်လိုက်ရာ စိတ်ဆိုး တော့ မည့် အမူ အရာကိုမြင်သဖြင့်

ခွင့်မပြုချင်ပါသော်လည်း အချစ်ဦးကလေးလဲဖြစ်ပြန် တခါ တလေမှ တွေ့ကြရသူမို့ သနားကာ "စက်ဘော်မှာပါအချစ်ဦး လေးရာ"ဟု ခွင့်ပြုလေရာ၊ မင်းနှစ်ပါးမှာ ချစ်ရေကြောတွင် မောခဲ့ကြရသလောက် စက်ဘော်ခေါ်ပျော်တော်မူခြင်းသို့ ရောက်ကြရှာလေ၏။

တနာရီမျှကြာလေသော် ...... ရှင်မွေးလွန်းကလေးသည် "မင်းနန္ဒာကို အင်မတန်ကြောက်မက်ဘွယ်ကောင်းသည့် သူ့ရဲ့ သဘက်ကြီးများက အတင်းဗလကြမ်းဖြင့် အခန်းပေါ်မှ ဆွဲခေါ် သွားကြရာ မိမိကမထုပ်ကြပါနှဲ့ဟု တားသော်လည်းမရ" တဲ့ အကြောင်း အိပ်မက်မြင်သဖြင့် ကယောင်ကတမ်း ယောင်ပြီး အော်မိရာ စက်ရာမှလန့်၍နိုး လေတော့၏။

ရှင်မွေးလွန်းသည် စက်ရာမှနိုးလျှင် ကတုန်ကရီ ဖြစ်နေပြီး ကြောက်သန့်လှသဖြင့် မောင်တော်ကို နှိုးကာ အိပ်မက်ပါ အကြောင်းများကိုပြောပြလေရာ မင်းနန္ဒာသည်ပင် ထိတ်လန့် တကြားရှိသွားသော်လည်း ချစ်လွန်းကလေး စိတ်မကောင်းမှာ စိုးသည့်အတွက် "ထမင်းလုံးတချွေချောက်တာ ထင်ပါမဲ့ နှမတော်ရယ် အိပ်မက်တာဘဲ တကယ်မှတ်လို့ စိတ်ပူမနေပါ နဲ့"ဟု ချော့မော့ နှစ်သိမ့်နေသေး၏။

သို့သော်လည်း ရှင်မွေးလွန်းကလေးမှာ မိန်းမသားပို့ အိပ်မက်ကို ဖျောက်၍ မရနိုင်ဘဲ "မောင်တော်ဒိက ပြန်ရင် သတိနဲ့ပြန်ပါနော် နှမလေး အိပ်မက်မကောင်းဘူး၊ ဘယ်ဘက် က အောက်နှုတ်ခမ်းတွေကလဲ တဆတ်ဆတ်လှုပ်လို့ ခါတိုင်း ထက် ပိုပြီး သတိထားပြီးပြန်သွားပါ မောင်တော် နော် နော်" ဟု အတန်တန်မှာရင် ရင်ဝတွင် အပူသုံးများ ဆို့တက်လာကာ ဖြေမဆည်နိုင်သည့် ဝမ်းနည်းခြင်းမျိုးဖြင့် မျက်ရည်အဖြိုင်ဖြိုင် ကျဆင်းလာသည့်အတွက် ဇာခြေမှ မဆောင်နိုင် ရှာတော့ဘဲ မင်းနန္ဒာရှေ့မှာပင်ငိုကြွေးမိရှာလေ၏။